
www.burmeseclassic.com



www.burmeseclassic.com

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး။

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ခွင့်ပြုချက်အမှတ် ၅၀၁၆၂၈၀၃၁၀၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၇၅၀၅၁၀၊

ထုတ်ဝေသူ

အောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

အောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

အောင်မြင်စာပေ၊ အမှတ်(၀)၊ အောင်ဘာလေလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄။

ထုတ်ဝေအကြိမ် - ၂၀၁၀ ခုနှစ်၊ (ဩဂုတ်လ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃

ဝိဇ္ဇာ

ချစ်ကြစို့/ဝိဇ္ဇာ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၀။

၁၅၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ဝိဇ္ဇာ




မေတ္တာမှာ အလျားအနံ မရှိပေမယ့်

"ငါးကန်"တော့ ရှိတယ်၊

(ဘာကြောင့်လဲဆိုတော့)

ကျွန်တော်တို့ရပ်ကွက်ထဲမှာ

အလှမွေးငါးကန်ရောင်းတဲ့ ဦးမေတ္တာရဲ့

"မေတ္တာငါးကန်" ဆိုင်ဆိုတာ ရှိတယ်လေ။




www.burmeseclassic.com

www.burmeseclassic.com





## အခန်း(တစ်)

"မေမေ တ္တာငါးကန်"

ဆောင်းနှောင်းရာသီရဲ့ နှင်းနှောင်း တစ်အုံတစ်ခဲကြောင့် မနက်(၈)နာရီဆိုတဲ့ အလင်းလတ်ဆတ်ချိန်ဟာ စောင်တစ်ထည်နဲ့ အအုပ်ခံထားရသလို ဖြူမှိန်မှိန်ကြီးဖြစ်နေတယ်။

အမှန်တော့ ဒီအချိန်ဟာ ရပ်ကွက်တစ်ခုရဲ့အသက်ရှူသံကို ဆူဆူညံညံလေး ကြားရပြီး ရပ်ကွက်ကြီးရဲ့လှုပ်ရှားလွန့်နိုးထလာမှုကို လည်း ပီပီပြင်ပြင် မြင်တွေ့နေရမယ့်အချိန်ပါပဲ။ ခုတော့ နှင်းထုရဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြားထဲမှာ ထိုးတာပါမြင် ဒီတာမသဲကွဲနဲ့။

ညတွေဆိုတော့ တားတွေလို နှင်းခွဲမီးတွေဘာတွေလည်း ထိန်လို့နေ အဆောင့်ကို ခွကျကျ မှုန်ဝါးနေချိန်ပေ့ါ။

မှုန်ချင်မှုန် မမှုန်ချင်နေ ကျွန်တော်ကတော့ မနက်ဖြန်မနက် မိုးလင်းတာနဲ့ ဦးမေတ္တာဆိုင်က အလှမွှေးငါးကန် မှန်ပုံးတစ်ပုံး ဝယ်မယ်လို့ ညဦးကတည်းက စိတ်ရဲ့အစည်းအဝေးမှာ ဆုံးဖြတ်ချက်ချပြီးသား။

အဲ့ဒါကြောင့် ဝါးတားတားမြင်ကွင်းထဲ ရဲရဲတင်းတင်းပဲ လျှောက်လာခဲ့တယ်၊ (၈)နာရီဆို ဦးမေတ္တာလည်း နိုးလောက်ပါပြီ။

မေတ္တာဆိုလို့ ကျွန်တော်တို့ အချစ်တော် ဟာသ သရုပ်ဆောင် မင်းသားကြီး ဦးမေတ္တာကို ပြောတာမဟုတ်ဘူးနော်၊ ပရိသတ်။ ဒီရပ်ကွက်ထဲမှာ မှန်လုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ဦးမွတ်တားကို ပြောတာဗျ။

သူက အစ္စလာမ် ဘာသာဝင် ကုလားလူမျိုးပါ၊ လူပျိုကြီးလည်းဖြစ်၊ သဘောမနောကလည်း ကောင်းတော့ ဗုဒ္ဓဘာသာဝင်အများစု နေထိုင်တဲ့ရပ်ကွက်ထဲမှာ နေထိုင်ပေမယ့် အားလုံးက သူ့ကို ချစ်ကြခင်ကြတယ်။

သူ့ရဲ့မှန်လုပ်ငန်းကလည်း တစ်နိုင်တစ်ပိုင်လေးပါ၊ ဆိုင်ကလည်း ရပ်ကွက် သမသက်သာ ဆိုင်ခန်းလေးတွေထဲက တစ်ခန်းယူပြီးလုပ်တာ၊ လူလည်းနေ. . . လုပ်ငန်းလည်း လုပ်ပေ့ါ။

ဆိုင်ခန်းက ဆယ်ပေ ပတ်လည်လေး၊ ဦးမွတ်တားက တစ်





ယောက်ထဲသမားဆိုတော့ကာ အဆင်ပြေတယ်ပေ့ါဗျာ၊ အဲ့သလို သမ္မာအာဇီဝကျကျလေး ဝမ်းကျောင်း၊ သဘောကောင်းတဲ့ ဦးမွတ်တားကို ခင်ကြတော့ ခင်မင်ရင်းစွဲကြောင့် ဦးမွတ်တားလို့ ခေါ်ရင်း ခေါ်ရင်း ဦးမွတ်တားကနေ ဦးမြစ်တာ. . . ဦးမြစ်တား ဖြစ်သွားတာဗျ၊ မြန်မာစကားတွေ ကာလရွေ့လျားပြီး အသံပြောင်းသွားသလိုပေ့ါ။

ဒါပေမယ့် ဦးမွတ်တားကနေ ဦးမြစ်တား ဖြစ်လာတဲ့ ပင်မအကြောင်းအရင်းတစ်ချက်တော့ ရှိတယ်၊ အဲ့ဒါ. . . ပရိသတ် သိမှကောင်းမယ်ထင်တယ်။

ဒီလို အဲ့ဒီ သမ သက်သာဆိုင်ခန်းတွဲရဲ့ထိပ်ဆုံးခန်းမှာ မုန့်ဟင်းခါးဆိုင်ဆိုတာ ရှိတယ်၊ ဒေါ်တူး ကမုဆိုးမ၊ သူ့မှာ ယောက်ျားနဲ့ကွဲလို့ အမေ့ဆိုင်(အိမ်မဟုတ်တော့ ဆိုင်ပေ့ါဗျာနော်) ဆင်းလာတဲ့ သမီးနဲ့ သုံးနှစ်အရွယ် မြေးယောကျ်ားလေးတစ်ယောက် ပါလာတယ်။

အဲဗျာ. . . အဲ့ဒီသားအမိ ရောက်လာမှ မုန့်ဟင်းခါးဆိုင်ဘေးက ကွမ်းယာဆိုင်ပိုင်ရှင် ကိုအာနိုးလည်း နာမည်ကြောင့် သူများနောက်ပြောင်စရာတွေဖြစ်၊ ဦးမွတ်တားလည်း ဦးမြစ်တားဖြစ်ပေ့ါဗျာ၊ ဖြစ်ပုံက ဒေါ်တူးမြေးလေး အောင်ရာဇက စကားမပီဘူး။

ဟိုလို မပီတာ မဟုတ်ဘူး။ ကလေးဖြစ်လို့ လျှာခင်အရမ်း အထား မမှန်လို့ မပီတာ။ ဥပမာ သဘော်သီးကို တင်းဘော့သီးလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြောသလိုလေ။ အရင်ဆုံး ခံလိုက်ရတာက ကိုအာနိုးဗျ။ တစ်နေ့ ကလေးအမေက သူ့သားကို ရှောက်ပန်းသီးတစ်မွှာ ကျွေးရင်း ကိုယ့်ပတ်ဝန်းကျင်နဲ့ ရင်းနှီးခင်မင်လိုစိတ်နဲ့. . .

"သားရေ. . . ဦးအာနိုးကို ရှောက်ပန်းသီး ကျွေးလိုက်ပါဦး"

လို့ ပြောတော့ ကလေးက. . .

"ဦးနာ့လိုး. . . ချားမလား"

လို့လည်း အော်ရော ကွမ်းယာလာဝယ်တဲ့သူတွေနဲ့ မုန့်ဟင်းခါး စားနေသူတွေ ဝါးခနဲ ဖြစ်ကုန်တယ်။ အဲ့ဒီနောက်ပိုင်း ကိုအာနိုးတစ်ယောက် အောင်ရာဇ ကောင်းမှုနဲ့ ဟိုလူကစ. . . ဒီလူကစ. . . ဒုက္ခကို ရောက်တော့တာ။

ပြီးမှ ဦးမေတ္တာဖြစ်လာတဲ့ ဦးမွတ်တားအလှည့်၊ ဦးမွတ်တားကို ဦးမွတ်တား မပီဘဲ. . . ဦးမြစ်တာ. . . ဦးမြစ်တာ ခေါ်လို့ လူတွေကလည်း ကလေးခေါ်သလို နောက်ပြောင်ခေါ်ရင်း ဦးမြစ်တားဖြစ်သွားတယ်။

ဒီအကြောင်းအရာကို မသိတဲ့သူတွေက. . . ဩော်. . . နာမည်က ဦးမေတ္တာ ထင်ပါရဲ့ဆိုပြီး အသံမှန်အောင် ပြင်ခေါ်ရင်း ဦးမေတ္တာဖြစ်လာတယ်၊ ခင်မင်သူတွေက ကိုမေတ္တာပေါ့ဗျာ။

ဒီနာမည်က ဦးမွတ်တားကို အကျိုးပေးတယ်လို့ပဲ ပြောရမလား မသိဘူးဗျ၊ ဦးမွတ်တားနာမည်နဲ့ ကြည့်မှန်တွေ မှန်ကို ပြဒါးသုတ်တာတွေ လုပ်ကိုင်နေတုန်းက ဒီလောက်အဆင်မပြေဘူး။

ဦးမွတ်တားကနေ ဦးမြစ်တားဖြစ်၊ ဦးမြစ်တာကနေ ဦး





မေတ္တာ ဖြစ်လာချိန်မှာ စီးပွားရေးလုပ်ငန်းကလည်း ပုံသဏ္ဌာန် ပြောင်းလာတယ်။ ပြဒါးသုတ်လုပ်ငန်းကနေ အလှမွေးငါးကန်မှန်ပုံးတွေ လုပ်ရောင်းတာ အတော့်ကို အဆင်ပြေလာတယ်။

ဒါနဲ့ပဲ ဦးမေတ္တာက ဒီနာမည် အကျိုးပေးတယ်ဆိုပြီး မွတ်တား မှန်ဆိုင် ဆိုင်းဘုတ်ကို ဖြုတ်ပြီး မေတ္တာငါးကန် ဆိုင်းဘုတ်တင်လိုက်တာ။ အဲဒါ. . . အဲဒါ။

ကျွန်တော် သမဆိုင်နား ရောက်မှ နှင်းက ပိုကျလာတာပဲလား၊ ဆိုင်ခန်းတွေက မီးမွှေးလို့ မီးခိုးတွေ အူထနေတာလား မသိနိုင်အောင် ပိတ်နေလို့ ဦးမေတ္တာဆိုင်ကိုတောင် မနည်းပြူးပြဲကြည့်လာရတယ်။

"ဘုတ်. . ."

"အင့်. . ."

"ဖွတ်. . ."

"အားလားလား. . . ပူတယ်. . . ပူတယ်ဗျ"

"ကုန်ပါပြီ. . . ဒုက္ခပါပဲ. . . စိတ်ညစ်လိုက်တာ၊ လူတောင်မမြင်ဘူးလား"

"ဟာဗျာ. . . မမြင်လို့ ဝင်တိုက်မိတာ အော်စရာလား၊ ဒီမှာလည်း ပူကုန်ပြီ"

ပြဿနာက. . . ကျွန်တော်ဝင်တိုက်မိတဲ့ မိန်းကလေးက မုန့်ဟင်းခါး ဝယ်ပြီး ဒေါ်တူးဆိုင်ကအထွက် ကျွန်တော်ကလည်း ဦးမေတ္တာဆိုင်ကို ကျော်သွားမှာစိုးလို့ စောင်းငန်းစောင်းငန်းအလာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်တိုက်မိကုန်ကြတာပါ။

"ဒီမှာ မုန့်ဟင်းရည်အိတ် ပြုတ်ကျသွားပြီလေ၊ အဲ့ဒါ ဘယ်လိုလုပ်မှာလဲ"

"မသိဘူးလေ. . . ဘယ်လိုလုပ်ရမှာလဲ၊ လျော်ရမှာလား"

"လျော်ပေါ့"

စောစောစီးစီး စမုံတုံးချင်တဲ့ ကုသိုလ်ကံကလည်း အဲ့သလို လာတာဆိုတော့ ကျွန်တော်လည်း ဘယ်လိုမှ မတတ်နိုင်ဘဲ ဒေါ်တူးဆိုင်ထဲ ဝင်လိုက်ရတယ်။

ကျွန်တော့်ဘာသာ မဟုတ်ဘူး၊ သူမ ဝင်လို့ လိုက်ဝင်တော့ ဆိုင်ထဲ ရောက်မှ မြင်ရတာတော့ ဆိုင်စားပွဲရှည်ကြီး ပတ်လည်ချထားတဲ့ ခုံတွေမှာလည်း လူအပြည့်၊ ဘေးမှာ မိုးဘိုးမတ်တတ် ရပ်ပြီး စားနေသူတွေ၊ ပါဆယ်ထုပ်သွားဖို့ ရပ်စောင့်နေသူတွေလည်း ရှိတယ်ဗျ။

"အတူးရေ. . . နံနံပင် မထည့်နဲ့နော်၊ ကြက်သွန်ဥလေးတော့ ပါအောင်ထည့်"

"အမေတူး. . . သမီးစောင့်ရတာ ကြာနေပြီ"

"ဟုတ်ပ. . . သမီးချိုလေး သူ့ကို ဦးစားပေးစမ်း၊ ကျောင်းနောက်ကျတော့မှာပဲ"

ဒေါ်တူးတို့သားအမိ အဲ့သလို လက်မလည်အောင် ရောင်းနေရတော့ ကျွန်တော်တို့ပြဿနာကို သိလိုက်ပုံမရဘူး ထင်တယ်၊ မုန့်ပွဲပြင်ရင်း ဒေါ်တူး ကျွန်တော့်ကို မြင်သွားတယ်၊ ကျွန်တော်က





လည်း ဒေါ်တူးရဲ့ဖောက်သည်ပဲ မဟုတ်လား။

"သော်မော် စားမလား"

"နောက်မှ စားမယ် ဒေါ်တူး၊ အခု ပါဆယ်"

"ဘာနဲ့လဲ"

ကျွန်တော်မဖြေဘဲ သူ့ကို ကြည့်လိုက်တယ်၊ အမှန်အတိုင်း ဝန်ခံရရင်တော့ စောစောက နှင်းတွေကြောင့် အမှုန်အမွှား စမုံစပါး ဖြစ်နေတဲ့ သူ့မျက်နှာလေးကို ခုမှပဲ ပီပီသသ ရင်ခုန်လိုက်ရတယ်။

(လန်းတယ်ဟ. . . ငါတို့ရပ်ကွက်ထဲက မဟုတ်လောက်ဘူး ထင်တယ်)

"ဟင်းရည်ပဲ လိုချင်တယ်"

သူမ အဲ့သလို ပြောလိုက်တာကို ကျွန်တော်မကြားမိပါဘူးဆိုရင် ဒါဟာ သစ္စာစကားအစစ်ပါ။ မုသား(လုံး၀)ဆို (လုံး၀) မဟုတ်ဘူး၊ အဲ့ဒီအချိန်မှာ ကျွန်တော့်အသိစိတ်၊ ပစ္စက္ခအာရုံ စက္ခုအာရုံ ကာမအာရုံအတွေးဟာ သူမ မျက်နှာလေးတစ်ခုတည်းမှာပဲ ငေးငေးယိုင်ယိုင် ရှိနေခဲ့တာပါ။

"ဟင်းရည်လို့ ပြောနေတယ်. . . ရှင့်မှာ နားမပါဘူးလား"

အဲ့သလို အော်ပြောလိုက်တဲ့ သူမအသံကြောင့် ကျွန်တော့် စိတ်အာရုံတွေ ကျွန်တော့်ကိုယ်ထဲ ခုန်ဝင်လာကြတယ်၊ တုန်ခနဲပါပဲ၊ ဆိုင်ထဲ ကြွက်စီကြွက်စီ ကြားနေရတဲ့အသံတွေပါ တိခနဲ ရပ်ပြီး ကျွန်တော်တို့ကို လှည့်ကြည့်တယ်၊ ဒေါ်တူးလည်း အဲ့ဒီတော့မှ သူမကို သတိထားမိပုံပါ။



www.burmeseclassic.com

www.burmeseclassic.com



"ချိုလေး. . . သူ့ကို ဟင်းရည်မပေးရသေးဘူးလား"

"ပေးပြီးပြီ အမေ၊ အားလုံးလေးပွဲစာ နှစ်ထုပ်ထဲ ထုပ်ပေးလိုက်တာ၊ ခြောက်ဆယ်တစ်အိတ်နဲ့ ထည့်ပေးလိုက်တာ"

အဲ့ဒီအခါမှာ သူမက. . .

"ဟုတ်တယ်. . . အန်တီ၊ သမီး ဟင်းရည်ရပြီးပြီ၊ အဲ့ဒါကို သူ ဝင်တိုက်လိုက်လို့ အကုန်မှောက်သွားလို့ ပြန်လျှော်ခိုင်းနေတာ"

ဆိုတော့ကာ မျက်လုံးတွေအားလုံး ကျွန်တော့်ဆီ ရောက်လာတယ်။ အဆင်ပြေပါတယ်။

"ဟုတ်တယ် ဒေါ်တူး၊ အဲ့ဒါကြောင့် ဟင်းရည်လေးပွဲစာ ရောင်းပေးပါ"

ဒေါ်တူး. . . ဟင်းဆိုပြီး မုန့်ပွဲဆက်ပြင်ရင်း. . .

"ကဲ. . . ချိုမေရေ. . . ထည့်ပေးလိုက်၊ ရပ်ကွက်ထဲမှာ ပြဿနာသော်မော်နဲ့ အန္တရာယ်ထက်ခေါင်ကို လွတ်အောင်ရှောင်ကြပေ့ါ၊ ဒင်းတို့က ဖြစ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ"

ကျွန်တော် ခေါင်းကုတ်သလို နှာခေါင်းပွတ်သလိုနဲ့ ရှူးချင်ယောင်ဆောင်ပြီး ရယ်ပဲ ရယ်နေလိုက်တယ်၊ ပိုက်ဆံပေးပြီး မလျှော်ရဘူးလေ။

ကောင်မလေး ဟင်းရည်နှစ်ထုပ် ရတော့ ကျွန်တော့်ကို မျက်စောင်းတစ်ချက် လှမ်းပစ်ပြီး ချာခနဲ လှည့်သွားတယ်၊ သူမ နှင်းတောထဲ ပျောက်သွားအောင် လိုက်ကြည့်ပြီးမှ ဒေါ်တူးဘက် လှည့်လာပြီး. . .

"ဒေါ်တူး. . . သူက ကျွန်တော်တို့ရပ်ကွက်ထဲကလား"

"ဟဲ့. . . ငါက ရပ်ကွက်လူကြီးမှ မဟုတ်တာ. . . သိမလား ဘာလဲ. . . နင် မျက်စိကျသွားပြန်ပြီလား၊ ဟင်း. . . နင်နဲ့ကတော့လေ၊ ငါ့သမီးတောင် တစ်ခုလပ်ဖြစ်နေလို့ ကျန်နေတာ"

"ဟာ. . . ဒေါ်တူးကလဲဗျာ၊ အစ်မချိုလေးက ကိုယ့်အစ်မပဲ ဟာ"

"တော်စမ်းပါ. . . နင့်အကြောင်း မသိရင် ခက်မယ်၊ ကဲ. . . မုန့်စားမှာလား၊ မစားရင်လည်း သွားတော့"

"နေဦး. . . ပြန်မှ ဝင်စားမယ်"

ပြောပြီး ဆိုင်ထဲက ထွက်လာခဲ့တယ်၊ မထွက်လို့ မဖြစ်ဘူး ဆက်ပြီးပေရပ်နေရင် ကျွန်တော့်ဂုဏ်ဒြပ်တွေ ထုတ်ဖော်ချီးကျူးတော့မှာ အသေအချာပဲလေ။

ကျွန်တော်ကလည်း ကျွန်တော့်ရဲ့သွေးသောက်ညီအစ်ကို အန္တရာယ်ထက်ခေါင်လို အစဉ်အလာ ကြီးမားတဲ့ ပြဿနာကောင် မဟုတ်လား။

"ဗျို့. . . ဦးမေတ္တာ"

"သြော. . . သော်မော် အစောကြီးပါလား"

"ရက်စ်. . . ဈေးပေါက်ပြီလား"

"အခုမှ ဆိုင်ဖွင့်တာ"

"အိုခေ. . ."





www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနောက် ဦးမေတ္တာဆိုင်ရှေ့ ထုတ်ပြီး စီထပ်ထားတဲ့ မှန်ပုံးတွေထဲ သုံးပေ နှစ်ပေလောက် ရှိတဲ့ မှန်ပုံးတစ်လုံး ရွေးလိုက်တယ်။

"ဒါ ဘယ်လောက်လဲ"

"အဲ့ဒါ ငါးထောင်"

"ဟာ. . . များလှချည်လား"

"မများဘူး ကောင်လေး၊ မင်းမို့လို့ အရင်းတိုင်း ပေးတာ၊ သူများဆိုရင် ခြောက်ထောင်ပဲ၊ ဒါ တလုပ်မှန် အမျိုးအစား၊ ကောင်းတယ်. . . ရေညှိမတက်ဘူး"

"ဘာမှန်ဖြစ်ဖြစ်ပါဗျာ၊ ရိုက်ခွဲရင် ကွဲတာချည်းပါပဲ၊ ကဲ. . ကဲ. . ရော့. . . ငါးထောင်"

"ဩော်. . . သော်မော်ရယ်၊ ရိုက်ခွဲမှတော့ ကွဲတာပေါ့"

ဦးမေတ္တာ ကျွန်တော်ပေးတဲ့ပိုက်ဆံကို ရေတွက်ပြီး အလိပ်လိုက်ကလေး ခါးကြားထိုးလိုက်တယ်၊ ပြီးမှ ကျွန်တော်ရွေးထားတဲ့ပုံးကို အဝတ်နဲ့ သေချာသုတ်သင်ပေးတယ်။

"ဘာလုပ်ဖို့လဲ. . . ငါးမွေးဖို့လား"

"မဟုတ်ဘူး. . . ဖားမွေးမလို့"

"ဟေ. . . စားဖားလား"

"မဟုတ်ဘူး. . . အော်ဖား"

"ဘာရယ်"

ဦးမေတ္တာ အူလည်လည် ဖြစ်သွားတယ်။ ဟုတ်တယ်လေ၊





ဒီပုံးကို ဈေးကြီးပေးပြီး လာဝယ်တဲ့သူတွေရဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်က အလှမွေးငါးလေးတွေ တယုတယ မွေးဖို့ပဲ မဟုတ်လား၊ ကျွန်တော်က ဖားဆိုတော့ကာ. . .။

"ငါ နားမလည်ဘူး"

ကျွန်တော် ရှင်းပြမနေတော့ဘဲ မှန်ပုံးကို ပခုံးပေါ် ထမ်းပြီး ပြုံးကာရယ်ကာနဲ့ပဲ ထွက်လာခဲ့ပါတယ်၊ ဒါက ကျွန်တော့်ရဲ့ လက်တုန့်ပြန်မှုတစ်ခုအတွက် မဟာဗျူဟာမြောက် လျှို့ဝှက်ချက်လေး။

"အိုခေ. . . မှန်ပုံးတော့ ရပြီ၊ မနက်ဖြန်ကစပြီး လက်နက်စုဆောင်းရမယ်"

ဒေါ်တူးဆိုင်ရှေ့ ရောက်တော့ မုန့်ဟင်းရည်နံ့မွှေးမွှေးလေးကြောင့် ခံတွင်းစိုသွားပေမယ့် မှန်ပုံးကြီး မြင်ရင် မေးနေမှာစိုးလို့ နောက်မှ တစ်ခေါက်ပြန်ထွက်ပြီး စားမယ်လို့ ဆုံးဖြတ်ပြီး အိမ်ရောက်အောင် ဆက်လျှောက်လာခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com






## အခန်း ( နှစ် )

သူမ မျှော်လင့်ထားတဲ့အတိုင်းပါပဲ။ ခြံတံခါးလေး တွန်းဖွင့်ပြီး ဝင်လိုက်တာနဲ့ ခြံထဲမှာ နေကြပ်တဲ့မျက်နှာနဲ့ လမ်းလျှောက်နေတဲ့ ဦးပါစကကို တွေ့မြင်လိုက်ရတယ်။

ဒီမနက်မှ ကျလိုက်တဲ့နှင်းတွေဆိုတာ. . . ။ ဒီလိုနှင်းကျတာမျိုးကို အရမ်းမုန်းပဲ၊ ဆံပင်အဖျားလေးတွေ နှင်းစိုတာ မသိချင်ယောင်ဆောင်လို့ရပေမယ့် မျက်တောင်ဖျားတွေ နှင်းစိုလို့ မျက်တောင် ပုတ်ခတ်မိတိုင်း မျက်ခမ်းစပ်တစ်ဝိုက် စိုဖတ်ဖတ် ဖြစ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုကို ဘယ်လိုမှ သည်းခံလို့မရဘူး။

အဲ့ဒါကြောင့် အောင်ဘန်းကနေ ရန်ကုန်ပြောင်းမယ် ဆိုတော့ မြရည်နန္ဒာ ပျော်လိုက်တဲ့ဖြစ်ခြင်း၊ အနည်းဆုံး နှင်းကျတိုင်း စိတ်နဲ့ အဆင်မပြေတဲ့ဒုက္ခက လွတ်ပြီပေါ့။ ခုတော့ . . .။

"မြရည်နန္ဒာ. . ."

ဦးပါစကရဲ့ ခပ်ထန်ထန် ခေါ်သံကြောင့် သူမ အတွေးပြတ်ပြီး ခြေလှမ်းပါ တုန့်သွားတယ်။ အိမ်ပေါ် တက်ဖို့ လှေခါးရင်းမှာ ဖိနပ်ချွတ်တုန်းမို့ အိမ်ပေါ်ကိုပါ ယောင်နန ကြည့်မိတယ်။

အိမ်ဧည့်ခန်း ကြမ်းပြင်မှာ ရေနွေးကြမ်းတစ်အိုး ဘေးချပြီး ထိုင်နေတဲ့ မေမေနဲ့ ညီမလေး မြမြဦး၊ မောင်လေး သော်သော်တို့ သူမကို မထိတ်သာ မလန့်သာ လှမ်းကြည့်နေကြတယ်။

ဒီလောက်ဆို သူမ သဘောပေါက်ပြီလေ။ အလုပ်မသွားခင် အဆာပြေ စားသွားဖို့ စောင့်နေတဲ့ ဦးပါစက လောင်မီးကျနေပြီဆိုတာ။

မုန့်ဟင်းခါးဆိုင်ကလည်း ဒီမနက်မှ လူကလည်းများ၊ အလှည့်စောင့်နေရလို့ ကြာရတဲ့ကြားထဲ. . . ဟိုလူကြောင့် ဟင်းရည်ထုပ်က မှောက်ကျနဲ့။

"ဟဲ့ကောင်မ. . . ငါခေါ်နေတယ်"

"ရှင်"

သူမ လှည့်ကြည့်လိုက်တယ်ဆိုရင်ပဲ ဦးပါစက မျက်ထောင့်နီကြီးနဲ့ အနားကို ရောက်လာတယ်။





"နင် မုန့်သွားဝယ်တာလား၊ လင်သွားရှာတာလား"

မီးတောက်ထဲ အတွန်းချခံလိုက်ရသလို သူမတစ်ကိုယ်လုံး ပူလောင်စပ်ဖျင်းသွားပြီး အသားတွေပါ ဆတ်ဆတ်တုန်လာတယ်။

"ဟဲ့ကောင်မ. . . ငါမေးနေတယ်လေ"

"လူများနေလို့ စောင့်နေရတာပါ"

"အပိုတွေ လာမပြောစမ်းနဲ့၊ အခု ဘယ်ချိန်ရှိပြီလဲ၊ စားမှာနဲ့ သွားမှာနဲ့ ငါဘာလုပ်ရမှာလဲ"

"သမီး အလှည့်ကျ စောင့်မဝယ်ဘဲ ကျော်ပြီးဝယ်လို့မှ မရတာ. . . ဘာတတ်နိုင်မှာလဲ"

"ဘာ. . . ဒါမျိုးတော့ ခွန်းတုံ့ပြန်တတ်တယ်ပေါ့၊ ပေးစမ်း အဲဒီမုန့်ထုပ်တွေ"

ပြောရင်း ဦးပါစက သူမလက်က မုန့်ဟင်းခါးထုပ်တွေ ဆွဲလုယူပြီး လွှင့်ပစ်လိုက်ပါတော့တယ်။

"နေကြ. . . အငတ်နေကြ၊ ငါလည်း မစားဘူး၊ ဟဲ့. . . မိနန်း၊ ငါ့လက်ဆွဲအိတ် ပေးစမ်း"

မေမေ ကလေးနှစ်ယောက်ကြားက ကတုန်ကယင် ထလာပြီး စောစောကတည်းက အဆင်သင့်ပြင်ချထားပုံ ရတဲ့ လက်ဆွဲအိတ်ကို ယူပေးလိုက်ပါတယ်။

"ထွီ. . . သုံးမရတဲ့ဟာတွေ၊ အငတ်သာ နေခဲ့ကြ"

ဦးပါစက ခြံထဲမှ ထွက်သွားမှ မေမေ သူမကို ဖက်ပြီး ငိုပါတော့တယ်၊ မြမြဦးနဲ့သော်သော်ပါ အောက်ဆင်းလာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘော့တ်ရှော်တစ်ရှပ်လို ရပ်နေတဲ့ သူမကို ဝိုင်းပတ်ဖက်ပြီးငိုကြတယ်။

အားလုံး ဝမ်းနည်းပက်လက်ဖြစ်နေပေမယ့် သူမ မျက်ရည်တစ်စက်မှ မကျခဲ့ပါဘူး။ ရင်ထဲမှာ ဦးပါစက ဆိုတဲ့လူကြီးကို မုန်းလွန်းလို့ ရင့်မာနေတဲ့ စိတ်နှလုံးထဲမှာ မျက်ရည်ဖြစ်စရာတောင် မရှိတော့ဘူး ထင်ပါရဲ့။

အမေသာ ဒီလူကြီးကို လက်မထပ်ခဲ့ရင် ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲ. . . စိတ်ချမ်းသာရမလဲ။

(တောက်. . . ဘ. . ဝ. . ကွာ. . .)





“သားရေ. . . သော်မော်”

ကျွန်တော် ခြံထောင့်မှာ မှန်ပုံးတစ်လုံးနဲ့ အလုပ်ရှုပ်နေတုန်း နောက်က မေမေ့ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တယ်။ မေမေကားကို ခြံလမ်းပေါ်မှာ ရပ်ထားခဲ့ပြီး ဆင်းလာတာပါ။

ဒီနားအထိ ရောက်လာရင် ဒါဘာလုပ်ဖို့လဲ၊ ဘာလဲညာလဲ မေးနေမှာစိုးလို့ မေမေ့ဆီ ပေါချာချာပုံစံနဲ့ ပြေးလာပြီး ပွေ့ဖက်နမ်းမွှေးပစ်လိုက်တယ်။

“ဘာလုပ်နေတာလဲကွယ်”

“ဘာမှမဟုတ်ပါဘူး မေမေရဲ့၊ သားနဲ့ထက်ခေါင်နဲ့ ဂစ်တာတီးတဲ့နေရာလေး ရှင်းလင်းနေတာပါ”

“ဟင်. . . ရှင်းတာကလည်း၊ သစ်ကိုင်းတွေနဲ့ ရှုပ်နေတာပါလား”



www.burmeseclassic.com

www.burmeseclassic.com



"အဲ့. . . အဲ့ဒါ နေ့မထိုးအောင် ကာမလို့လေ"

"သားရယ်. . . ကလေးကျနေတာပဲ၊ ကျောင်းပြီးကတည်းက မင်းလွတ်နေတာနော် ကောင်လေး"

"ဩော်. . . မေမေရာ၊ တစ်နှစ်တောင် မပြည့်သေးပါဘူး၊ မေမေ့အသည်းလေး ဆယ့်ငါးနှစ်လောက် ကျောင်းစာတွေနဲ့ချည်းပင်ပန်းခဲ့ရတာ၊ တစ်နှစ်လောက်တော့ နားပါစေလား. . . သနားပါတယ်"

"ဟင်းနော်. . . ကောင်လေး၊ မေမေ ကြည့်မရလို့ကတော့ မိန်းမပေးစားပစ်မယ်"

"အဟီးဟီးဟီး. . . ဝမ်းနည်းလိုက်တာ မေမေရာ၊ ဟားဟားဟား. . . သားတော့ စိတ်မကောင်းဖြစ်လွန်းလို့ ငိုနေရတော့မှာ. . . ဟားဟားဟား"

"တော်. . . ပြောလေဆိုးလေ၊ သားလေးတစ်ယောက် မွေးထားပါတယ်၊ မအေတစ်ယောက်လုံး မုဆိုးမ ဖြစ်နေတာတောင် ဘာမှ အားကိုးဖော် မရဘူး"

"အဲ့ဒါ မေမေပဲ အလိုလိုက်ခဲ့တာလေ"

"ဘာ. . . မင်းတော့နော် နာတော့မယ်၊ ကဲ. . . မေမေသွားမယ်၊ စားချင်တာရှိရင် ဒေါ်ထွေးကို လုပ်ခိုင်းလိုက်၊ မေမေဆိုင်ကနေ ဖုန်းဆက်မှာနော်၊ အိမ်မှာ မရှိဘူးလို့ ပြောသံကြားရင်နာမယ်"

"စိတ်ချ. . . မေမေ့သား အိမ်တွင်းပုန်းလေးကို အပျိုတွေ





ဆွဲမှာစိုးလို့ ဘယ်မှကို မသွားဘူး"

"ပြီးရော"

ကျွန်တော် မေမေ့ခါးကို ဖက်ပြီး ကားဆီ ရောက်အောင် ပြန်ပို့လိုက်တယ်။ မေမေ ကားထဲ ဝင်ထိုင်မှ. . .

"သားကို မုန့်ဖိုးမပေးတော့ဘူးလား"

"ဟင်. . . မင်းမှာ ကုန်နေပြီလား"

"ကုန်တော့မယ် မေမေရ"

"အေး. . . သုံးဟော့. . သုံး၊ ဒီမုဆိုးမကြီးက အရှာကောင်း အဖွေကောင်းဆိုတော့ ကိုသော်မော်ကြီးစိတ်ကြိုက် သုံးပေါ့. . . ရော့၊ ကဲ. . . ဖယ်. . . တံခါးပိတ်မယ်"

ဘဏ်စည်းမပျက် တစ်သိန်းအုပ်လေးတစ်အုပ် ထုတ်ပေးလို့ ကျွန်တော်ပျော်သွားပြီး နောက်ဆုတ်ရင်း အနမ်းပျံလေး ပေးလိုက်တယ်။ မေမေ မျက်စောင်းထိုးပြီး ကားကို ဘီးလှိမ့်လိုက်ပါတော့တယ်။

မေမေထွက်သွားပြီမို့လို့ သူ့အစီအစဉ်အတွက် စိတ်အေးလက်အေး ဆက်လုပ်နေတုန်း ထက်ခေါင်ရောက်လာတယ်။

"သော်မော် အခြေအနေ"

"စနေပြီကွ. . . ဒီမှာလေ"

"အာ. . အေး. . ဒီလောက်ဆို အကောင်ငါးဆယ်လောက် ဆန့်မယ်ထင်တယ်"

"သိပ်ပြီးထည့်ရင်တော့ ငါးရာလည်း ဆန့်တာပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မင်းပြောမှလားဟ. . . သူတို့ နေပျော်ရုံလောက်ငါပြောနေတာ"

"သိပါတယ် ထက်ခေါင်ရာ၊ အဲ့ဒါကြောင့် အကောင်အစိတ်ပဲ ထည့်မှာ၊ အဲ့ဒါတောင် ကြပ်ချင်ကြပ်နေဦးမယ်၊ ဒီမှာ အရွက်တွေအကိုင်းတွေလဲ ခင်းရအုပ်ရမှာဦးမှာ"

"ဒါနဲ့ ဖားက ဘယ်ဖားက အသံပိုကျယ်မယ် ထင်လဲ"

"ငါ့အထင်တော့ စားဖားတွေက အသံပိုကျယ်သလားလို့"

"မဖြစ်နိုင်ဘူးကွ. . . စားဖားတွေက. . ကွပ်. . ကွပ်. . ကွပ်. . လောက်ပဲ အော်တာ၊ ဟိုအကောင် ဖားခုံညင်းတွေကမှ ဂွမ်. . ခနဲ. . ဝမ်. . ခနဲ. . အော်တာ ဖြစ်ရမယ်"

"အေး. . . စမ်းကြည့်တာပေါ့ကွာ၊ လောလောဆယ် မင်းပြောတဲ့ ဖားခုံညင်းနဲ့ စကြည့်မယ်၊ မရရင် ဖားပြုပ်၊ အဲ့ဒါမှ မရရင် ဖားပျံ၊ ကျော်စံကေး အလှည့်ကျ စမ်းကြည့်မယ်ကွာ၊ ကဲ. . လာ. . ငါ့ကို ကူညီဦး"

အဲ့ဒီနောက် နှစ်ယောက်သား ဖားတို့ ပျော်ရာ. . . ယာယီမှန်နန်းဆောင်လေး တခမ်းတနား ဖြစ်လာဖို့ သစ်ရွက်သစ်ကိုင်းတွေ အုံ့အုံ့မှောင်မှောင်လေး ဖြစ်လာအောင် လုပ်ကိုင်ကြပါတော့တယ်။





"ဆရာမ ရှိလားဟင်"

"ရှိတယ်. . . ရှိတယ်. . . ဝင်လာခဲ့လေ"

ဒေါ်ညိုပြာ အသံပေးရင်း အခန်းတံစက်မြိတ်အောက်က နံရံမှာ "အကြားအမြင်ဆရာမ ညိုဝမ်" ဆိုတဲ့ ဆိုင်းဘုတ်ကို ကွယ်နေတဲ့ သဘက်စောင်ကို ဆွဲရုတ်ပြီး ကြည့်လိုက်တယ်၊ အကြားအမြင် မေးဖို့ လာကြတဲ့ ဧည့်သည်အမျိုးသမီးကြီးနှစ်ယောက်ကို မြင်တော့ ဒီမနက် ဈေးဦးပေါက်ပြီဆိုတဲ့အပြုံးမျိုးနဲ့ ကြိုဆိုလိုက်ပါတယ်။

"လာ. . . လာ. . . ထိုင်ကြ၊ ဆရာမလည်း အခုပဲ တရားထိုင်နေရာက ထလာတာ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနောက် ပခုံးပေါ် မေ့မေ့လျော့လျော့ တင်ထားခဲ့တဲ့ သဘက်စောင်ကို အိမ်ခန်းထဲက တန်းမှာ ပြောင်းတင်ပြီး ဘုရားကျောင်းဆောင့်ပေါ်မှာ ယွန်းကလပ်နဲ့ အခေါက်လိုက်လေး တင်ထားတဲ့ ယောဂီသဘက်ကို ညာဖက်ပခုံးကနေ ဘယ်ဖက်ချိုင်းအောက်ကို စလွယ်သိုင်း ပတ်ပြီး တင်လိုက်တယ်။

ပြီးမှ သူ့ရဲ့ကတ္တီပါ ကော်ဇောဝိုင်းလေးပေါ် ဧည့်သည်တွေဘက် ကျောခိုင်းထိုင်ပြီး ဘုရားဝတ်ပြုလိုက်ပါတော့တယ်။

ဒေါ်ညိုပြာလို့ လူသိများပေမယ့် သူမအသက်က (၃၀)ဝန်းကျင်ပါပဲ။

အရင်တုန်းက မိအိုဖအိုတွေနဲ့ ဒီအိမ်လေးမှာ အတူနေပြီး သူမက ဟေးဝေးအထည်ချုပ်မှာ အလုပ်ဆင်းတယ်လေ။

အဲ့သလို နေလာရင်းက မိဘတွေ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးပါးကုန်ပြီး သူမတစ်ယောက်ထဲ ဒီအိမ်လေးမှာ ဆက်နေတယ်။

အလုပ်လည်း ဟေးဝေးမှာပဲ ဆက်ဆင်းနေတယ်။

အဲ့ဒီ အချိန်အထိတော့ အပျိုကြီး မညိုပြာဆိုတဲ့ ဂုဏ်ဒြပ်ထက် ဘာမှပိုမရှိပါဘူး။

အဲ. . . နည်းနည်းပိုလာတာက ရုပ်ရည်လေးကလည်း နဂိုရ်က ဖြူဝင်းတဲ့ သူမအသားအရေနဲ့ ကြည့်ပျော်ရှုပျော်လေး ရှိတာရယ်၊ (ပါးနှစ်ဖက်ပေါင်း ဝက်ခြံဖု ဆယ်ဖုလောက် ရှိတာတော့ ချွင်းချက်ပေါ့) အိမ်ပိုင်လေး ရှိတဲ့ အပျိုကြီးဆိုတာရယ်ကြောင့် ရပ်





ကွက်ထဲက လူပျိုကာလသားကြီး နှစ်ယောက်သုံးယောက် စိတ်ဝင်စားပြီး အပြိုင်အဆိုင် ပိုးကြပန်းကြိုတာတော့ ရှိဖူးတယ်။

အဲ့ဒီထဲမှာ ပန်းချီဆရာ လူပျိုကြီး စိုင်းကရှိုးကတော့ ထိပ်ဆုံးကပေါ့။

သူရေးနေကျ ရုပ်ပြကာတွန်းထဲမှာတောင် မညိုပြာနဲ့ ပုံတူဖြစ်အောင် ရေးမိလို့ စာအုပ်အရောင်းကျလာတယ်ဆိုလားဘာလားကြားမိသေး။

အဲ့ဒီနောက်ပိုင်း သူ့ဘာသာ အမြင်မှန် ရပြီး ပုံမှန်ပြန် ရေးမှအရောင်းပြန်တက်လာတယ်ဆိုတာတို့ပေါ့။

တခြားလူပျိုကြီးတွေကတော့ ရိုးရိုးကြိုက် ရိုးလိုက်ကြတာပါပဲ၊ အထူးပြောစရာ မရှိပါဘူး၊ အဲ. . အဲ. . မညိုပြာနဲ့ ပတ်သက်တာဒါအကုန်ပါပဲ။

ဒါပေမယ့် အခုလို ဟေးဝေးအထည်ချုပ်မှာ လုပ်တဲ့ အပျိုကြီး မညိုပြာဘဝကနေ ရုတ်တရက် အကြားအမြင်ဆရာမ ဒေါ်ညိုဝမ် ဖြစ်လာတာကတော့ အံ့ဩစရာဗျ။

ဒါနဲ့ ပတ်သက်ပြီး ခိုင်လုံတဲ့ သတင်းရပ်ကွက် အဆိုအရတော့ မညိုပြာအလုပ်ထဲမှာ မူးလဲလို့ ဆေးရုံတင်လိုက်ရတယ်၊ ဆေးရုံမှာ တစ်ပတ်လောက် သတိလစ်နေပြီး သတိပြန်ရလာတော့ အမြင်ဟော အကြားဟောတွေ ဟောကုန်တာတဲ့။

အထည်ချုပ် မန်နေဂျာက မညိုပြာဟာ ပုံမှန်စိတ် မဟုတ်တော့ဘူးဆိုပြီး နစ်နာကြေး သုံးလစာနဲ့ အလုပ်ကနေ အနားပေး



www.burmeseclassic.com

www.burmeseclassic.com



လိုတ်တယ်ဆိုပဲ။

အဲ့ဒီနောက်ပိုင်း မညိုပြာဟာ အိမ်မှာ ထိုင်ရင်း အကြား အမြင်တွေ ဟောလာတယ်၊ အဲ့ဒီကာလက မြဝတီ ရုပ်သံမှာလည်း အကြားအမြင်ဟောတဲ့ နတ်ဝင်သည်ဇာတ်ကားကလည်း နာမည်ကြီးနေတဲ့အချိန်။

ချိုဝမ်လေ. . . သိတယ်မဟုတ်လား၊ ဘိုးဘိုးကြီး ဘွားဘွားကြီးတို့ကအစ ချိုဝမ်ဖြစ်နေတဲ့ကာလဆိုတော့ မညိုပြာလည်း ဝမ်ချင်လာပြီး သူ့နာမည်ကို ဆိုင်းဘုတ်တင်ပစ်လိုက်တယ်၊ "အကြားအမြင်ဆရာမ ဒေါ်ညိုဝမ်" တဲ့။

အဲ့သလို အဲ့သလို. . .။

"အဟမ်း. . . အဟမ်း"

ဒေါ်ညိုဝမ် ဘုရားဝတ်ပြုပြီး အာရုံခံနေရာကနေ ချောင်းဟန့်သံ ပေးလိုက်လို့ နောက်မှာ ကျုံ့ကျုံ့လေး ထိုင်နေတဲ့ အမျိုးသမီးနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ငံ့လင့်ကြတယ်။

"နင့်လူ တွဲနေတဲ့မိန်းမက အရပ်ပုပု အသားဖြူဖြူထဲကပဲ ဟဲ့၊ မျက်နှာဝိုင်းပြီး မျက်လုံးပြူးတယ်. . . ဟုတ်ရဲ့လား"

"ဟုတ်တယ်. . . ဘယ်သူ့လူကို ပြောတာလဲ ဆရာမ"

"နင့်ယောက်ျားလေ"

"ဟုတ်ကဲ့. . . ဘယ်သူ့ယောက်ျားဆိုတာ သိပါရစေလား"

"ဟဲ့. . . နင်တို့နှစ်ယောက်ထဲက အကြားအမြင် မေးနေတာ ဘယ်သူလဲ"





"ရှင်. . . နှစ်ယောက်စလုံး မေးချင်တာပါ"

ဒေါ်ညိုဝမ် နှာမှုတ်သံ ပေးပြီး အသံတိတ်သွားတယ်၊ ခဏကြာမှ. . .

"နင်တို့နှစ်ယောက် လိပ်ပြာပူးနေတော့ ခွဲမရဘူး၊ တစ်ယောက်စီ ခွဲထိုင်ကြ"

ဆိုတော့ကာ နောက်က နှစ်ယောက် ဘယ်ညာခွဲကာ ထိုင်ကြတယ်။

"ပြီးပြီလား"

"ပြီးပါပြီ ဆရာမ"

"အေး. . . ညာဘက်က လိပ်ပြာရှင်"

"ရှိ. . . ရှိပါတယ် ဆရာမ"

"ညည်းယောက်ျား အခု ရှုပ်နေတာ သိပလား"

"မ. . မသိဘူး ဆရာမ"

"အေး. . . သိအောင်လုပ်၊ မဟုတ်ရင် နင် ကျန်ခဲ့မယ်. . . ကြားလား"

"ကြား. . . ကြားပါတယ် ဆရာမရယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာလည်း ဟောပါဦး"

"လိုက်ချောင်းပေါ့ဟဲ့. . . အလုပ်ထဲက ကောင်မနဲ့ပဲ၊ ပိန်ပိန်ဖြူဖြူ ဆံပင်တိုတိုနဲ့၊ ဒီလောက်ဆို နင်သိတော့"

"သိ. . . သိပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖက်က လိပ်ပြာရှင်"

"ရှိပါတယ်"

"နင့်ယောက်ျားက စောစောက ငါပြောတဲ့အတိုင်းပဲ၊ နင်လည်း အချိန်မီ ကိုယ့်ယောက်ျားကိုယ် ထိန်းထား၊ မဟုတ်ရင် ပါမှာပဲ"

"ဟုတ်ကဲ့ပါ"

အဲ့ဒီအခိုက်မှာ ဒေါ်ညိုဝမ်တစ်ကိုယ်လုံး တုန်ခါလာပြီး ငြိမ်ကျသွားတယ်၊ ပြီးမှ အမျိုးသမီးတွေဖက် ဖြည်းဖြည်းချင်း လှည့်ထိုင်လိုက်တယ်။

"မောလိုက်တာ. . . ဆရာမကို. . ရေ. . ရေတစ်ခွက်လောက် တိုက်ကြစမ်းပါ"

"ဟုတ်. . . ရ. . . ရမယ် ဆရာမ"

အဲ့ဒါနဲ့ပဲ အမျိုးသမီးတစ်ယောက်က ရေသန့်ဘူးထဲက ရေတစ်ခွက် ငှဲ့ပြီး တရိုတသေ ပေးလိုက်တယ်။

ဒေါ်ညိုဝမ် ရေသောက်လိုက်မှ အမောပြေသွားသလို နွမ်းယှဲ့ယှဲ့လေး ပြုံးလိုက်ပြီး. . .

"လိပ်ပြာအစီးခံနေရတဲ့အချိန်မှာ အသက်အောင့်ထားရလို့လား မသိဘူး၊ အရမ်းမောတာပဲ၊ ဘယ်လိုလဲ. . . ဟောချက်တွေ အဆင်ပြေရဲ့လား"

"ဟုတ်. . . ပြေပါတယ်"

"အင်း. . . မသိတာ သိပြီဆိုတော့ ကိုယ့်ဘာသာ ဆက်





လုပ်ကြ၊ ဆရာမက မြင်တာကြားတာပဲ ပြောတာ၊ ခါတ်ရိုက် ခါတ်ဆင်ကိစ္စ တခြားဆရာတွေနဲ့သာ ဆက်လုပ်ကြပေတော့"

"ဟုတ်ကဲ့ပါ"

အဲ့ဒီနောက် အမျိုးသမီးနှစ်ယောက် တစ်ထောင်တန် တစ်ရွက်စီ ထုတ်ပြီး စားပွဲပေါ် တင်ထားတဲ့ ငွေဖလားထဲ အသီးသီး ထည့်လိုက်ကြတယ်။

"ခွင့်ပြုပါဦး ဆရာမ"

"ကောင်းပါပြီ. . . ကိုယ်စိတ်နှစ်ပါး ချမ်းသာသုခ ပြည့်စုံကြပါစေ"

အမျိုးသမီးနှစ်ယောက် ဟောခန်းထဲက ထွက်ထွက်ချင်းမှာပဲ အပြင်မှာ ထိုင်စောင့်နေပုံရတဲ့ အမျိုးသမီးတစ်ယောက် ဟောခန်းထဲ ဝင်လိုက်တယ်။

"ဟယ်. . . မလှဲ့"

မလှဲ့ဆိုတာ ဒေါ်ညိုဝမ် အပျိုကြီး မညိုပြာဘဝတုန်းက ဟောဝေးမှာ အတူတူ အလုပ်ဆင်းခဲ့ကြတဲ့သူတွေလေ။

"အဆင်တွေ ပြေနေလိုက်တာ၊ ပြောစမ်းပါဦး. . . ဒီပညာ ဘယ်လိုတတ်ပြီး ဒေါ်ညိုဝမ်တွေဘာတွေ ဖြစ်နေတာတုန်း"

"ညိုဝမ်ပါ မလှဲ့ရဲ့. . . ရှုးတိုးတိုး"

"တကယ်ပဲ အကြားအမြင် ရနေတာလား"

"အင်း. . . ဘယ်လိုပြောရမလဲ၊ ဆေးရုံဆင်းကာစတုန်းတော့ တကယ်ရတာ မလှဲ့ရဲ့၊ အခုတော့ အဆင်ပြေသလို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေရတာ၊ ဝမ်းရေးဆိုတော့လဲ အဟင်းဟင်း၊ ဩော်. . . ကော်ဖီသောက်ဦး”

“နေ. . . နေ၊ ငါ အပြင်မှာ သောက်ခဲ့ပြီးပြီ၊ နင်ဟယ်. . . တခြားအလုပ် လုပ်ပါလား၊ တော်ကြာ အဆီအငေါ် မတည့်ရင် အရှက်တွေ ကွဲကုန်မှာနော်”

“ရပါတယ် မလဲ့ရဲ့၊ ဒီလိုပဲ အလုပ်က သင်သွားတာလေ၊ ခုခေတ် ယောက်ျားတွေ အဆင်မပြေတာ အကြောင်းပြပြီး ညစ်လုံး, လုံးတာဆိုတဲ့ စကားတစ်ခွန်းနဲ့ မဟုတ်တာလုပ်ရင် နှစ်ခုပဲ ရှိတယ်၊ အရက်သောက်ရင်သောက်၊ မသောက်ရင် မိန်းမရှုပ်. . . ဒါပဲ၊ ဒီခွင်ထဲမှာ ဟောချက်ချရင် ဆယ်ယောက်မှာ ကိုးယောက်က ကွက်တိပဲ မလဲ့. . . အဟဲ့ဟဲ့ဟဲ့”

“အေးပါ. . . အဆင်ပြေတယ်ဆိုလည်း ပြီးတာပါပဲ၊ ငါက နင် ဘာတွေ လုပ်စားနေလဲ၊ အိမ်ထောင်ကျနေပြီလား၊ သိချင်လို့ လာတာဟဲ့”

“အမလေး. . . ယောက်ျားတော့ မယူပါရစေနဲ့၊ အကြား အမြင် လာမေးတဲ့မိန်းမတွေ ကြည့်ပြီး စိတ်ကုန်လွန်းလို့၊ ဟိုဘက်ခြံ က ချာတိတ်ဆို သူ့အမေက ဗိုလ်ချုပ်ဈေးမှာ ကျောက်မျက်ဆိုင် ဖွင့်ထားတာ၊ ကျောင်းပြီးပြီးသားလေ၊

လူကို လာပြီး အီစီကလီ လုပ်သလိုလို. . သီချင်းစောင်း ဆိုသလိုလိုနဲ့ လုပ်နေလို့ ဟိုတစ်ရက်က သွားဟောက်ပစ်လိုက် တယ်၊ ညီမက အဲ့ဒါမျိုးတောင် စိတ်မဝင်စားတာ၊ ကျန်တာ. .





အဝေးကြီး”

“အင်း. . . ညည်းကတော့ ငှက်ပျောတုံးမ အစစ်ပါလား”




www.burmeseclassic.com

www.burmeseclassic.com

"ချစ်တယ်" ဆိုတဲ့ စကားတစ်ခွန်းကို
စကားတတ်တဲ့သူတိုင်း ပြောနိုင်တဲ့စကားပါ၊
တစ်ဆက်တည်းမှာပဲ
စကားတတ်တိုင်း ပြောရေးဆိုခွင့် မရှိတဲ့
စကားတစ်ခွန်းလည်း ဖြစ်နေပြန်တယ်။

လူတစ်ယောက်ရဲ့စိတ်ကူးက အဲ့သလို မဟုတ်ဘူး။
ဒါဟာ ကိုယ်ပိုင်ခံစားချက် အခွင့်အရေးဖြစ်တဲ့အတွက်
သူသာဆို...
ဘယ်လိုအခြေအနေမျိုးမှာမဆို ဖြစ်နိုင်တယ်တဲ့...
(ဒါပေမယ့်...အဲ့ဒီလူက စကားမပြောတတ်တဲ့ လူအ
ဖြစ်နေတော့...)





# အခန်း ( သုံး )

**ကွမ်း**ယာမှာပြီး ကွမ်းယာဆိုင်က မှန်နဲ့ ဘိုကေလေး တသသ၊ ကော်လံလေး တမမ လုပ်နေတဲ့ အာဝုကို ကြည့်ပြီး ဦးစိုးကြီး ပြုံးတယ်။

"အာဝု နိုင်စီတူးပဲလား"

အာဝု ကပျာကသီ ခေါင်းညိတ်ပြရင်း ဦးစိုးကြီးလက်တနာရီကို မေးဆတ်ပြ၊ သူ့လက်ကောက်ဝတ်ကိုလည်း လှုပ်ပြပြီး အချိန်ကို မေးလိုက်တယ်၊ ဦးစိုးကြီးက ကွမ်းယာတွေ အစုံလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပြီး ပလတ်စတစ်အိတ်ထဲ မသွပ်ခင် နာရီကြည့်ပေးတယ်။

"လေးနာရီ ထိုးတော့မယ်ကွ. . . ချိန်းထားလို့လား"

အာဝု ရယ်တယ်လေ၊ အာဝု ရယ်ရင် သွားဖုံးသားနီနီကြီးတွေ ကွမ်းချီးတက်နေတဲ့ သွားကြီးတွေပါ ပေါ်အောင် ရယ်တတ်လို့ ကလေးပေါက်စကြီးလို ချစ်စရာတော့ အကောင်းသား။

ခုတလော အာဝု ဝတ်ကောင်းစားလှတွေနဲ့ ကွမ်းယာထွက်ဝယ်နေတာကို ဦးစိုးကြီး သတိထားမိနေတာတော့ ကြာပြီ။ ဒီနေ့တော့ ဆိုင်မှာ လူပါးနေလို့ အာဝုကို ပိုက်ဆံအမ်းရင်း. . .

"နေဦး. . . မင်းကို ငါ မေးမယ်မေးမယ်နဲ့ မမေးဖြစ်တာ"

အာဝုက ရယ်ရင်း မေးဆတ်ပြတယ်။

"ငါထင်တာ မမှားဘူးဆိုရင် မင်း တစ်ယောက်ယောက်ကို တွေ့နေပြီ ထင်တယ်၊ ဟုတ်လားကွ ဟော့ကောင်"

"ဟီး. . ဟီး. . ဟီး. . . ဟား. . ဟား. . ဟား"

"အမယ်. . . ဒီကောင် ရှက်နေပြန်ပြီ၊ ပြောစမ်းပါဦးကွ၊ ဘယ်သူလဲ"

အာဝု အတော်ကျေနပ်သွားပြီး ဦးစိုးကြီး ဘေးမှာ ဝင်ထိုင်လိုက်တယ်၊ ပြီးမှ သူ့အိတ်ထဲက ဘောပင်နဲ့ မှတ်စုစာအုပ်လေးကို ထုတ်ပြီး ရေးပြလိုက်ပါတယ်။

မြရည်နန္ဒာ၊ အိမ်နံပါတ်(၈၆)၊ လမ်းသွယ်(၂)လမ်း။

ဦးစိုးကြီး မျက်လုံးပြူးသွားတယ်၊ လမ်းသွယ်(၂)လမ်းက ဦးစိုးကြီး နေတဲ့လမ်းလေ၊ ပြီးတော့ ဦးစိုးကြီးက ဆယ်အိမ်မှူးလဲဖြစ်၊





အာဝု ရေးပြတဲ့ အိမ်နံပါတ်က သူ့အပိုင် ဆယ်အိမ်ထဲက တစ်အိမ် မဟုတ်လား။

နောက်ပြီး အဲ့ဒီမိသားစုက ပြောင်းလာတာ သိပ်မှ မကြာသေးတာ၊ သိတာပေါ့။

"အာဝု. . . ကြည့်လဲ လုပ်ပါဦးကွာ၊ ကိုယ့်ဖောက်သည်ကို ရ. ယ. ကရိုး ဆွဲပို့ရတဲ့အလုပ်တော့ မလုပ်ပရစေနဲ့"

အာဝုက အသေးအဖွဲပါ ဆိုတဲ့သဘောမျိုး လက်ကို ခါပြလိုက်တယ်။

"ဟော့ကောင်. . သူ့အဖေက ဒေါသကူမှာရနော်၊ ငါ့အပိုင်ထဲကကွ. . . ငါသိတယ်"

"အာဝု စာရေးပြပြန်တယ်"

"ကျွန်တော်ချစ်တာ သူ့အဖေ မဟုတ်ဘူး. . . သူ့သမီး"

"ဟာ. . . အဲ့ဒါ ငါသိတာပေါ့၊ မင်းပုံစံကို ဟိုကောင်မလေး လက်မခံရင် ပြဿနာလေ၊ အဲ့ဒါ ပြောတာ"

အာဝု ဂရုမစိုက်သလို ဒူးနှံ့ရင်း လမ်းသွယ်ထိပ်ဖက်ကို လှမ်းလှမ်းကြည့်တယ်၊ ဒါကိုပဲ ဦးစိုးကြီးက စိုးရိမ်သွားတယ်။

အာဝုက အလုပ်အကိုင်မရှိ၊ အတန်းပညာကလည်း နေတတ်ဖတ်တတ်၊ စကားလည်း မပြောတတ်၊ အဖေ လက်သမားဆရာနဲ့ ညီအစ်ကိုနှစ်ယောက် လုပ်အားကြောင့် သူတို့မိသားစု ခြောက်ယောက် အဆင်ပြေရုံလေး စားနေရတာ။

ပြဿနာက အရွယ်နဲ့ အသိလေ၊ အာဝုအသက်က အစိတ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ပြီ၊ ဒါမျိုးက ဖင်ဒရွတ်တွန်း သွားတဲ့လူလည်း စိတ်ဝင်စားတဲ့ ကိစ္စဆိုတော့ အခက်သားလား၊ ဘာပဲဖြစ်ဖြစ် ပြဿနာတစ်ခုပဲ ဖြစ်နိုင်တဲ့အခြေအနေမှ ဦးစိုးကြီးက ရပ်ကွက်လူကြီး ပီပီသသ ဖျောင်းဖျတယ်။

"အာဝုရာ. . . ငါလည်း ငယ်ရာက ကြီးလာတာဆိုတော့ သိတယ်ကွ၊ ကိုယ်ချင်းလည်း စာပါတယ်၊ ဒီမယ်. . . ချစ်တယ်ဆိုတဲ့ စကားကို လူတိုင်း ပြောလို့ရတာ အမှန်ပဲကွ၊ ဒါပေမယ့် ပြောရေးဆိုခွင့်ဆိုတာ ရှိတယ်မလား"

အာဝု ခေါင်းခါလက်ခါပြရင်း နောက်က မြှောင်းထဲ ကွမ်းသွေးကို ပျစ်ခနဲ လှမ်းထွေးလိုက်တယ်။ ပြီးမှ မသိမ်းရသေးတဲ့ စာအုပ်နဲ့ ဆော့ပင်ကို ထိုင်ခုံပေါ် ပြန်တင်ပြီး ရေးပြတယ်။

"အချစ်ဆိုတာ ကိုယ်ပိုင်ခံစားချက် အခွင့်အရေးတစ်ရပ်ဖြစ်တဲ့အတွက် အာဝုလည်း လူပဲ၊ ဘယ်လိုအခြေအနေမျိုးမှာမဆို ဖြစ်နိုင်တယ်၊ ကျွန်တော်ဖတ်ခဲ့တဲ့ အချစ်ဝတ္ထုတွေအားလုံး အချစ်ဖက်က ရပ်တည်ခဲ့ကြတာချည်းပဲဗျ"

"အားလားလား"

ဦးစိုးကြီး အာဝုစာကို ဖတ်ရင်း ညည်းတွားရင်း လက်ကလည်ပင်းတွေကုတ်၊ နှာခေါင်းတွေ ပွတ်မိလို့ ထုံးတွေ ပေကုန်တယ်။

နောက်ဆုံးတော့ ဦးစိုးကြီးလည်း သက်ပြင်းတစ်လုံးသာ ချနိုင်လိုက်ပါတယ်။

"ဟင်း. . . အေးလေ၊ ငါကတော့ လူကြီးမို့လို့ သင့်တဲ့စကား





နဲ့ တော်ရာလမ်းကို ပြပြီးပြီ၊ ကျန်တာ မင်းသဘောပဲ၊ ပြဿနာဖြစ်လို့ ငါ့ကို လာတိုင်ရင် ရုံးကို ခေါ်ရှင်းခိုင်းပေးရမှာ ငါ့တာဝန်ပဲကွ"

အာဝု လက်ခံတယ်၊ သူ့ကိစ္စ ခေါင်းထဲက ထုတ်ထားဖို့တောင် လက်ဟန်ပြလိုက်သေးတယ်။

(အာဝု မလွယ်ပါလား)

ၜ ၜ ၜ ၜ



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းပြီမို့လို့ ကျွန်တော်နဲ့ထက်ခေါင် ကျွတ်ကျွတ်အိတ်ကိုယ်စီဆွဲပြီး ဖားဖမ်းထွက်ကြတယ်၊ မလိုအပ်ရင်သာ ပေါများတာ။ ရှာရင် မတွေ့တော့ဘူးဆိုတဲ့ ဖြစ်ရိုးဖြစ်စဉ်အတိုင်း ကျွန်တော်တို့နှစ်ယောက် ရပ်ကွက်လမ်းထဲ ဖြန့်နင်းရှာတာတောင် ဆယ်ကောင်မပြည့်ဘူး။

"ဟော့ကောင်. . . ဖားခုံညင်းမှ ဖြစ်မှာလား"

"အေးပေါ့ကွ"

"အရေအတွက်ပြည့်အောင် ဖားပြုပ်လေးဘာလေး ထည့်ကြည့်ပါဦးလားကွာ၊ မှောင်တောင် မှောင်တော့မယ်"

"အခု ဘယ်လောက်ရပြီလဲ. . . ကြည့်စမ်း"

ကျွန်တော်တို့နှစ်ယောက် လမ်းဘေး ဝင်ထိုင်ပြီး ကျွန်တော်





ကျွတ်ကျွတ်အိတ်ထဲက ဖားတွေ ရေတွက်ကြည့်ကြတယ်။

"ကိုးကောင်ပါပဲကွာ. . . စောစောက အတိုင်းပါပဲ"

အဲဒီအခိုက်မှာပဲ ကျွန်တော့်အကြည့်တွေ တစ်နေရာဆီ စူးစူးစိုက်စိုက် ရောက်သွားလို့ ထက်ခေါင် လိုက်ကြည့်ပြီး. . .

"ဟာ. . . အာဝု. . . အာဝုပဲကွ၊ ဘာလုပ်တာလဲ"

"ဒီကောင်တော့"

ကျွန်တော် သုတ်ခနဲ ထပြေးလာပြီး အာဝုနဲ့ ချာချာလည်နေတဲ့ ကောင်မလေးဆီ ရောက်သွားတယ်။

"လုပ်ပါဦး. . . ပြောကြပါဦးရှင်၊ ကျွန်မကို စာအုပ်လာပြနေတယ်"

"ကျွန်မစာအုပ် မဟုတ်ဘူးလို့ ပြောတာလည်း မရဘူး အ,နေတာလား မသိဘူး"

ထိုစကားက အာဝုကို အတော်ထိသွားတာပါ၊ ရှုးရှူးရှားရှား ဖြစ်ပြီး ကောင်မလေးလက်ကို လှမ်းဆွဲပစ်လို့ ကောင်မလေး လန့်ရုန်းရင်း လက်ထဲက ကျွတ်ကျွတ်အိတ်ပါ ဘုတ်ခနဲ ပြုတ်ကျသွားတယ်။ ကျွန်တော် ရပ်ကြည့်နေလို့ မဖြစ်တော့လို့ သူမ ပြုတ်ကျသွားတဲ့အိတ်ကို ပြန်ကောက်ရင်း. . .

"အာဝု. . . မင်း ထောင်ထဲ ဝင်ချင်နေပြီလား၊ မိန်းကလေး လက်ကို ဆွဲတာ အမှုကွ၊ ဘာမှုလဲ သိလား"

အာဝု မကျေနပ်ပေမယ့် ပြဿနာ သော်မော်နဲ့ အန္တရာယ် ထက်ခေါင်ဆိုတာ သိနေတာကြောင့် ရှုးရှုးရှဲရှဲဖြစ်ပြီး ထွက်သွားပါ



www.burmeseclassic.com

www.burmeseclassic.com



တော့တယ်။

"ကျေးဇူးပဲ. . . အဲဒီလူ ရှုးနေလား မသိဘူး"

"မရှုးပါဘူး. . . စကားမပြောတတ်တာပါ၊ သူက တစ်ခုခု ပြောချင်ရင် စာအုပ်နဲ့ဘော(လ်)ပင် ထုတ်ပြီး ရေးပြတယ်"

"ဩော်"

"ကြည့်ရတာ မင်းကို သဘောကျတဲ့အကြောင်း ရေးပြတာ ထင်တယ်"

"ရှင်"

"ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ လွတ်အောင်ရှောင်သင့်တယ်"

သူမ ဆက်ပြီးရပ်နေဖို့ မဝံ့တော့ဘဲ ကျွန်တော့်လက်ထဲက ဖားအိတ်နဲ့ တွဲကိုင်ထားတဲ့ သူမအိတ်ကို လှမ်းဆွဲယူပြီး ထွက်သွားပါ တော့တယ်။

ကျွန်တော် လှည့်ငေးကြည့်နေပြီး သူမ အိမ်ခြံဝင်းတစ်ခုထဲ ဝင်သွားမှ ထိုနေရာကို စိတ်ထဲ ငုတ်ရိုက် မှတ်သားထားလိုက်တယ်။

"သော်မော်. . ."

"ဟေ. . ."

"လန်းတယ်ကွနော်"

"ဒီနေ့ သူနဲ့ငါ ဆုံတာ နှစ်ကြိမ်ရှိသွားပြီ"

"အံမာ. . . မင်းက ငါဦးထားတယ်ပေါ့၊ ဒီလိုလား"

"ဟုတ်တယ်"

"ဘာ. . . ဒါဆို ယုဇနမြင့်၊ ခင်မာလာ၊ သရဖီ၊ နွေလေညှင်း





တို့လိုပဲ အထည်များ အယားပြေလား"

"မဟုတ်ဘူး. . . သူက မြင်မြင်ချင်း ရင်ထဲ ရောက်သွား တာ"

"တော်စမ်းပါကွာ. . . မင်းက ဒီလိုပဲ၊ ရင်ထဲ ရောက်ပြီးရင် ဖင်ထဲက ပြန်ထွက်သွားတာချည်းပဲ၊ ဒါလေးတော့. . ."

"ဒါလေးတော့ အတည်လို့ ငါ ကတိပေးတယ် ထက်ခေါင် ရာ၊ တကယ်ခိုက်တာပါ၊ စောစောက အာဝုကို ငါ လက်သီးနဲ့ မထိုး မိအောင် အတော်အောင့်ထားလိုက်ရတယ်"

"သေချာလား"

"လုံးဝပဲကွာ"

"ပြီးရော. . . နောက်ထပ် အသစ်ထပ်တွေ့လို့ ဒါကို မေ့ လိုက်ရင် မင်းသေပြီမှတ်"

"ရတယ်. . . ချကွာ၊ ကဲ. . . ပြန်ကြမယ်၊ ရှိတာလေး ဗိမာန်ထဲ ထည့်ပြီး ညကျမှ ဓါတ်မီးနဲ့ တစ်ခေါက်ပြန်ထွက်ရအောင်"

"ထမင်းစားပြီး ဆိုင်ကို ထွက်ခဲ့လေ၊ ငါ မလိုက်တော့ဘူး"

"အိုခေ"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"ရခဲ့လား နန္ဒာ"

"ရတယ် မေမေ၊ ဆယ်လုံးပဲ ကျန်တော့လို့ အကုန်ယူလာခဲ့တယ်၊ အချဉ်ရေထုပ်လဲ အဲ့ဒီထဲမှာပဲ"

မေမေ အိမ်အောက်ဆင်းပြီးတော့တောင် စောင့်နေပုံထောက်တော့ ဦးပါစက မီးတောက်နေပြန်ပြီပေ့ါ။

"သမီးတို့ရော စားဖို့လား၊ အိတ်ကြီးကလည်း ကြီးလိုက်တာ"

"အိတ်ကုန်သွားလို့ သွားဝယ်နေတာကို သမီး မစောင့်နိုင်လို့ ရှိတာနဲ့ ထည့်ပေးဆိုပြီး ယူလာတာလေ၊ ကြာနေရင် မေမေ့လူကြီးအကြောင်း သိတယ်မဟုတ်လား. . . ဟင်း"

"အေးပါ သမီးရယ်၊ သူ့မှာလည်း ဒီဝက်သားလုံးကြော်မှ





မရရင် အရက်မမူးတော့သလိုပဲ"

သူမမိခင် အိတ်ဆွဲပြီး အိမ်ပေါ် တက်သွားပြီမို့လို့ သူမလိုက်မတက်ဘဲ လှေခါးရင်းမှာပဲ စိတ်မောလူမော ထိုင်ချပစ်လိုက်တယ်။

"မြန်မြန်ထည့်ပါဟ. . . ကြာတယ်ကွာ၊ ဟိုဇလုံထဲ သွန်ချလိုက်၊ ချီးတဲ့မပဲ. . . လုပ်နေတာ တုန်တုန်ချဉ့်ချဉ့်နဲ့"

"အား. . ."

ဦးပါစက အသံနက်ကြီးနဲ့ အော်ပစ်လိုက်လို့ မြရည်နန္ဒာ လိပ်ပြာလွင့်မတတ် လန့်သွားပြီး အိမ်ပေါ် ပြေးတက်သွားတယ်။

ဦးပါစက ပက်လက်ကြီး လန်ပြီး သတိလစ်နေလို့ မိခင်ကို ကြည့်လိုက်တော့ မျက်နှာတစ်ခုလုံး သွေးဆုတ်နေပြီး စားပွဲပေါ်က ဇလုံကို လက်ညှိုးထိုးပြတယ်။

(ဗုဒ္ဓေါ. . . ဖားတွေပါလား။)

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



မနေ့ညက ထက်ခေါင် ဆိုင်မှာ ထိုင်စောင့်ရင်း ကျွန်တော် သူ့ကို ဘယ်လောက်များ ကျိန်ဆဲနေမလဲလို့ တွေးပြီး ပြုံးမိတယ်။

ထမင်းစားပြီး တစ်ခေါက်ပြန်ထွက်ဖို့ပါပဲ၊ ဖြစ်ချင်တော့ မေမေ ခါတိုင်းလို အိမ်ပြန်နောက်မကျပဲ အစောကြီး ပြန်ရောက်လာလို့ ကျွန်တော် ထွက်မရဖြစ်ပြီး ငုတ်တုတ်မေ့သွားတာပါ။

"အား. . . ငါ့ရဲ့ဖားလေးတွေ ဂေဟာအသစ်မှာ အိပ်ကောင်း စားကောင်းကြရဲ့လား မသိဘူးဟ"

ကျွန်တော် သန့်စင်ခန်းထဲက ထွက်ပြီး ထမင်းစားခန်းထဲ ချောင်းကြည့်လိုက်တယ်၊ ဒေါ်ထွေးတစ်ယောက်တည်း မနက်စာ ပြင်ဆင်နေပြီး မေမေ မနိုးသေးလို့ ကျွန်တော် ခြံထဲ ဆင်းလာခဲ့ပါတယ်။





"ဟေ့. . . ရွှေခုံညင်းလေးတွေ၊ ဂွတ်မော. . . ဟော. . . ဟာ. . . ဘာလဲဟ"

ကျွန်တော် ရုတ်တရက် ကြောင်အ လန့်ဖျပ်ပြီး တွန့်ခါသွားတယ်၊ ပြီးမှ အုပ်ထားတဲ့ သစ်ရွက်သစ်ကိုင်းတွေကို သေချာဖယ်ပြီး ကြည့်လိုက်တယ်။

"ဟာ. . . ဖား. . ဖားတွေက ဘယ်လိုဖြစ်ပြီး အသားလုံးကြော်တွေ ဖြစ်ကုန်တာလဲ၊ ဟင်. . . အချဉ်ရည်ထုပ်တွေရော၊ ဟာ. . . ဒုက္ခပဲ"

ကျွန်တော် မနေ့က မှောင်မှောင်မည်းမည်း လောင်းထည့်ခဲ့တဲ့ကိစ္စကို သေချာပြန်တွေးတယ်၊ ဘေးမှာ ပစ်ချထားခဲ့တဲ့ ကျွတ်ကျွတ်အိတ်ကိုလည်း ကောက်ကြည့်တယ်။

(အိတ်လည်း အမည်းပါပဲ၊ ဟုတ်ပါတယ်၊ ဟင်. . . ဟို. . တို)

ကျွန်တော် သတိရသွားပါတယ်၊ မနေ့က အာဝုန်နဲ့သူမ ပြီးတော့ ပြုတ်ကျသွားတဲ့အိတ်၊ ပြဿနာ တက်ပြီထင်တယ်။

ကျွန်တော် ဘယ်လိုမှ မအောင့်နိုင် မစောင့်နိုင်တော့ဘဲ အသားလုံးကြော်တွေ အိတ်နဲ့ ပြန်ထည့်ပြီး ထက်ခေါင်တို့အိမ် ရောက်သွားတယ်။

"ထက်ခေါင်. . . ထက်ခေါင်"

အိမ်ထဲက ထက်ခေါင်ရဲ့အစ်မ ထွက်လာတယ်။

"ဟဲ့. . . သော်မော်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ."

"ညက နင်တို့ ဘယ်လိုဖြစ်ကြတာလဲ"

"ဗျာ. . . ဘာဖြစ်လို့လဲ အစ်မ"

"ဟင်. . . နင်မသိဘူးလား"

"ဟင့်အင်း"

"စိတ်ညစ်ပါတယ်ဟယ်. . . ငါလည်း အဲ့ဒီမောင်တစ်ယောက်ကြောင့် ရှူးချင်တာပဲ"

ထက်ခေါင် တစ်ခုခု ဖြစ်ပြီဆိုတာ ကျွန်တော် နားလည်လိုက်တဲ့အတွက်. . .

"ကျွန်တော် တကယ်မသိတာပါ၊ ထက်ခေါင် ဘာဖြစ်လို့လဲ ဟင်"

"ညက လက်ဖက်ရည်ဆိုင်မှာ ရိုက်ကြတယ်တဲ့၊ ရပ်ကွက်လူကြီးတွေနဲ့ မီးသတ်ရဲဘော်တွေ အိမ်မှာ ထက်ခေါင်ကို လာရှာမှ ငါတို့လည်း သိရတာ၊ဟိုဖက်က တစ်ယောက်က ဆေးရုံတင်ထားရတယ်၊ ဆိုင်မှာလည်း ခုံတွေ ပန်းကန်တွေ အတော်ပျက်စီးကုန်တယ်လို့ ပြောတာပဲ၊ နင်တို့လေ တကယ်ပဲ၊ ကျောင်းလည်း ပြီးပြီ၊ အလုပ်ကလေးဘာလေး လုပ်ပြီး ကိုယ့်ဘဝကိုယ် တည်ငြိမ်အောင် ကြိုးစားကြပါတော့လား၊ နင်တို့အရွယ် ယောက်ျားလေးတွေ ရိုးသားကြိုးစားနေကြတာ ဘယ်လောက် အားရဖို့ကောင်းလဲ"

"ဟုတ်ကဲ့ပါ အစ်မ၊ ဒါနဲ့ ဒေါ်လေးရော"

"ဒီမနက်ပဲ သူ့အစ်မအိမ် လိုက်သွားတယ်၊ ညက ထက်





ခေါင် ပြန်မလာဘူးလေ၊ အဲ့ဒီကို ရောက်ချင်ရောက်နေမှာဆိုပြီး သွားရှာတာ"

"ကျွန်တော် ဘာကူညီရမလဲ အစ်မ"

"ဘာမှ လုပ်လို့မရဘူးလေ၊ နင်လည်း သွားတော့"

"ဟုတ်"

ဟုတ်ဆိုပြီး ကျွန်တော်လည်း ကိုယ့်အထုပ်နဲ့ကိုယ် ပြန်လာခဲ့ရတယ်၊ ထက်ခေါင်ကတော့ ထစ်ခနဲဆို ရိုက်မယ်ပုတ်မယ်နဲ့ တကယ့်အန္တရာယ်။ အင်းလေ. . . ငါလည်း ဘာထူးလို့လဲ။

၅၅၅၅



www.burmeseclassic.com

www.burmeseclassic.com



ညာက ဦးပါစကက ဆေးရုံတင်လိုက်ရလို့ လူနာစောင့် ပါသွားတဲ့ မေမေ့အတွက် မနက်စာ လိုက်ပို့ဖို့ ထွက်လာရင်း ဒေါ်တူး မုန့်ဟင်းခါးဆိုင်ရှေ့ရောက်မှ သတိရသွားတယ်။

မေးသင့် မမေးသင့် ချီတုံချတုံ ဖြစ်နေပြီးမှ မေးဖို့ ဆုံးဖြတ်ပြီး ဆိုင်ထဲ ဝင်လာခဲ့ပါတယ်၊ ဆိုင်ထဲမှာ မုန့်ထိုင်စားနေတဲ့သူတွေ ရှိနေပေမယ့် သူမ ရှက်ကြောက်တာကို ဖွတ်မှိုချပြီး မေးလိုက်တယ်။

"အဒေါ် . . ."

"အေး . . . သမီး ဘယ်နှစ်ပွဲလဲ၊ စားပွဲ ပါသလား"

"မဟုတ်ဘူး . . . ဟို . . မေးချင်လို့"

"မေးလေ . . . ဘာလဲ"

"ဟိုလေ . . . ဟိုနေ့က သမီးဟင်းရည်ထုပ်ကို တိုက်မှောက်ပြီး ပြန်လျော်ပေးတဲ့"





"သော်မော်လား"

"ဟုတ် . . . သမီး သူ့အိမ်ကို သိချင်လို့ . . . အဲဒါ"

ဒေါ်တူး မုန့်ပွဲပြင်တာ ရပ်ပြီး မျက်လုံးပြူးကြည့်လို့ မြရည်နန္ဒာ အတော့်ကို ရှက်စွံ့သွားပါတယ်။

"ညည်းတို့ဟာက တစ်ယောက်ကိုတစ်ယောက် မေးနေကြပါလား၊ မနေ့က သော်မော် မေးနေလို့ ငါ အော်ထုတ်လိုက်သေးတယ်၊ ဒီလမ်းတည့်တည့်သွား၊ ညာဖက်ခြမ်းမှာ နှစ်ထပ်တိုက်ဆိုလို့ နှစ်လုံးပဲ ရှိတယ်၊ စတွေ့တွေ့ချင်းတိုက်က သော်မော်တို့ တိုက်ပဲ"

"ဟုတ် . . . ကျေးဇူးပါပဲ အဒေါ်ရယ်၊ ခွင့်ပြုပါဦး"

"အေး . . . သူ့အမေကတော့ မီးပေါင် ခပ်မြင့်မြင့်ထဲက္ခာပဲ တူမရဲ့"

မြရည်နန္ဒာ အပြင်ရောက်မှ ပင့်သက်ချပြီး ဆက်လျှောက်လာခဲ့တယ်၊ မီးပေါင်မြင့်ရုံမကလို့ မိုးပေါ်ပဲရောက်ရောက်၊ ရှင်းစရာရှိတာတော့ ရှင်းရမှာပဲ၊ မဟုတ်ရင် ဦးပါစကနဲ့ သူသေကိုယ်သေ ကိုက်သတ်ရတော့မယ်လေ။

အဲ့ဒီအခိုက်မှာပဲ လမ်းသွယ်တစ်ခုထဲကနေ အထုပ်ဆွဲထွက်လာတဲ့ သော်မော်ကို တွေ့လိုက်ရပါတော့တယ်။

"ဟင် . . . ဒီ . . . ဒီမှာရှင့်"

ကျွန်တော့်အတွက်တော့ ဒီမနက်ခင်း နှင်းတွေ ပျောက်ပြီး ကြည်လင်နေတာကို အရမ်းကျေးဇူးတင်သွားတယ်၊ သိပ်လှတဲ့ ကောင်မလေးကြောင့် သိပ်လှတဲ့ ကမ္ဘာမြေ ဖြစ်လာခဲ့တာပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လားခင်ဗျာ။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

"ဟေ. . . ငါ ဘာမှမလုပ်ပါလား၊ မင်းမှားဆွဲတာလေ၊ ဟုတ်တယ်မလား"

"ဘာပဲဖြစ်ဖြစ် အဓိပ္ပါယ်ကို မရှိဘူး၊ အခု အိမ်က လူကြီးတွေ လန့်ပြီး ဆေးရုံရောက်ကုန်ပြီ"

"ဟာ. . . ဖားတွေကြောင့်လား"

"ဟုတ်တယ်"

"ဒီမှာ မင်းရဲ့အသားလုံးကြော်တွေ၊ ငါလည်း ခုမနက်မှ ဖားတွေက အသားလုံးကြော်တွေ ဖြစ်ကုန်မှန်း သိတာ၊ တောင်းပန်ပါတယ်ဟာ၊ ငါ တကယ်မရည်ရွယ်ပါဘူး၊ အိတ်ကလည်း အမည်းချင်း တူနေတော့လေ"

"တော်ပါပြီ. . . ခုမှ ဒါတွေက ဘာလုပ်လို့ ရမှာလဲ၊ ဒါပေမယ့် အဲ့ဒါ ယူလာပြီး အခု ရှင်လိုက်ရှင်းပေး"

"အား. . . ရပါတယ်၊ အိမ်ကို လိုက်ရမှာလား"

"မဟုတ်ဘူး. . . စံပြဆေးရုံကြီးကို"

"ဟင်. . ."

"ရှင်နော်. . . မလိုက်လို့ မရဘူး"

"လိုက်မှာပါ. . . စိတ်ချပါ၊ ဒါပေမယ့် ငါ အိမ်ကို ခဏလောက်တော့ ဝင်မှာပရစေ၊ ယူစရာရှိတာလေးလည်း ဝင်ယူရင်းနဲ့ပါ"





သူမ ဘာမှ ပြန်မပြောပဲ လမ်းဆက်လျှောက်လို့ ကျွန်တော်လည်း သူမ ဘေးကနေ နည်းနည်းလောက်ပဲ ခွာပြီး လိုက်လျှောက်လာခဲ့တယ်၊ သူမကတော့ များများခွာပြီး လျှောက်တယ်၊ ဒါလည်းကောင်းတာပဲလေ၊ တိုးလိုးတန်းလန်း ထားထားတဲ့ ရည်းစားလေးတွေနဲ့ ပက်ပင်းတိုးရင် ပြဿနာ တစ်မျိုးတက်နေဦးမှာ။

ကောင်းပါတယ်. . . ကောင်းပါတယ်။






www.burmeseclassic.com

www.burmeseclassic.com

ဝတ်မှုန်ကူးတဲ့ညက
လမင်းဆီမှာ
သီချင်းတစ်ပုဒ် တောင်းလိုက်တယ်၊
တိုက်ဆိုင်တယ်ပဲ ပြောရမလား
အဲ့ဒီညမှာ
အရသာပျောက်နေတဲ့ ဘဝကို မြင်ရတယ်၊
ငါ့ကိုယ်ငါလည်း မျိုချမိတယ်၊
အလိုမကျမှုတွေ ထုတ်ချင်းစတ်မှ
နှင်းဆီပွင့်ချပ်ပေါ်မှာ
ငါဟာ...
အလေအလွင့်အားလုံး လက်နက်ချခဲ့တယ်၊





## အခန်း ( လေး )



ကားမှတ်တိုင်မှာ သူမနဲ့အတူ ကားစောင့်နေကြတုန်း ကျွန်တော့်ဟန်းဆက်က ခွေးဟောင်သံကြောင့် ဖုန်းလက်ခံလိုက်တယ်။

"ဟဲလို. . . သော်မော်ပါ"

". . . . . . . . . . . ."

"ဟာ. . . အေး. . . ထက်ခေါင် မင်းဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"..........."

"အေး...ငါ မင်းအိမ်ကို ရောက်ပြီးပြီ၊ အဒေါ် အဲ့ဒီကို လိုက်သွားတယ်... တွေ့ပြီလား"

"............"

"အေးပါကွာ...ငါ သဘောပေါက်ပါတယ်၊ ငါ အခု ဆေးရုံသွားမလို့၊ ပြန်လာရင် ရှင်းသင့်တာ ရှင်းထားပေးမယ်... ဟုတ်ပြီလား"

".........."

"သိပ်မကြာဘူး၊ အိုခေ...ဒါပဲနော်"

ကျွန်တော် ဖုန်းပိတ်ပြီး သိပ်မကြာခင်မှာပဲ အမောဖောက်လာတဲ့ (၃၆)ဘတ်စ်ကားအိုကြီး ရပ်လာလို့ နှစ်ယောက် တက်လိုက်ကြတယ်။

နှစ်ယောက်ထိုင်ခုံလည်း ရလိုက်တော့ အတော်အဆင်ပြေသွားတယ်၊ ကိုယ်ချစ်နေတဲ့ ကောင်မလေးနဲ့ နီးနီးကပ်ကပ် နွေးနွေးလေး ထိုင်ခွင့်ရတယ်ဆိုတဲ့ ကုသိုလ်ကံမျိုးက ရခဲလေဘိခြင်းနှယ်။

အဲ့သလို သိပ်မကြာခင်မှာပဲ စံပြဈေးမှတ်တိုင်မှာ ကားရပ်တော့ ဆင်းသူဆင်း တက်သူတက်နဲ့ ကားပေါ်ကို အဘွားအိုတစ်ယောက်က ဈေးဆွဲခြင်းတစ်လုံးနဲ့ တက်လာပါတယ်။

ကျွန်တော်တို့ ထိုင်တဲ့ခုံကလည်း ရှေ့ပေါက်အတက်အဆင်း နေရာနဲ့ ကပ်လျက် မျက်နှာမူထားတဲ့ခုံဆိုတော့ ရှုံးချင်ယောင်ဆောင်နေဖို့တောင် အခွင့်အရေး မရလိုက်ဘဲ အဘွားအိုကို နေရာ





ပေးလိုက်ရတယ်။

စိတ်ထဲကနေ အိုကြီးအိုမ ဈေးဝယ်လွှတ်ခိုင်းတဲ့ သားသမီး မြေးမြစ်တစ်စုကို တစ်တစ်ခွခွ ဆဲပစ်လိုက်တယ်။

ဘယ့်နှယ်ဗျာ...ကောင်းနေတဲ့ကံလေးက နှစ်မိနစ်တောင် မခံဘဲ အတော်ဆိုးဆိုးဖြစ်သွားတာ ရင်မခံဘဲ နေမလား။

ဒါပေမယ့်လည်း စေတနာရဲ့အကျိုးက နောက်ပိုးတက်လာတယ် ဆိုရမလားပဲ၊ အဘွားအိုက နှစ်မှတ်တိုင်ပဲ စီးပြီး ဘဝမြင့်မှာဆင်းတော့ ကျွန်တော့်ကို သားက မင်းနေရာ ပြန်ထိုင်ဆိုပြီး နေရာပြန်ပေးတယ်၊ ကျွန်တော်လည်း အဘွားကို ကားရပ်ချိန် အပေါက်ဝကနေ တွဲထိန်းဆင်းစေပြီးမှ နေရာမှာ ပြန်ထိုင်လိုက်တယ်။

"အာရေဘာဘာ...ကျိုးပါပြီ ကောင်လေးရာ"

ကျွန်တော် ထူခနဲ ပူခနဲဖြစ်ပြီး လန့်ဖျပ်ထရပ်ပြီးမှ ကြည့်လိုက်တော့ ကျွန်တော့်နေရာမှာ ကုလားကြီး။ ကျွန်တော့်အဖြစ်ကို ကြည့်ပြီး သူမ ခိခနဲ ရယ်ပြီးမှ ဘာသာ ဣန္ဒြေဆည်ပြီး ပြတင်းပေါက်ဘက် မျက်နှာလွှဲသွားတယ်။

(တောက်...ကံကောင်းချင်တော့ နေရာပြန်ရပြီး ကံဆိုးချင်တော့ ကုလားကြီးပေါ် တက်ထိုင်မိတဲ့အဖြစ်...ငါ့နှယ်ကွာ)

ကျွန်တော် ရှက်တာရော အောင့်သက်သက် ခံနေရတာပါ ပေါင်းပြီး ကံဆိုးမတ်တတ်ရပ်ရင်းနဲ့ပဲ ကံကောင်းစရာ ပေါ်လာပါတယ်၊ ကုလားကြီး ဘီအိုစီမှတ်တိုင်မှာ ဆင်းသွားတဲ့အတွက် ကျွန်တော့်မှာ ဟန်မဆောင်နိုင်တော့ဘဲ သူမဘေးမှာ ဝင်ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ကားဆက်ပြီး မောင်းထွက်မှ ကြည့်လိုက်တော့ ကျွန်တော့်ရှေ့မှာ ဒရိုင်ဘာခန်းကို ကျောမှီပြီး ရပ်နေတဲ့ ရင်ခွင်ပိုက် ကလေးလေးနဲ့။

(သေချင်တယ်. . . ဒါတောင် ဘယ်သူမှ နေရာထမပေးကြဘူးလား၊ တော်တော် လူမှုရေး နားမလည်တဲ့လူတွေ)

အဲ့ဒီအချိန်မှာပဲ သူမက. . .

"ကလေးနဲ့အစ်မ ဒီမှာ လာထိုင်လေ၊ ကျွန်မ ရှေ့မှာ ဆင်းမှာ"

ဆိုတော့လည်း ကျွန်တော် ဆက်မှိန်းမနေတော့ဘဲ. . .

"နေ. . နေ. . ငါပဲ ထပေးလိုက်မယ်၊ အစ်မ လာ"

အဲဒီလိုနဲ့ သိပ်မကြာခင်မှာပဲ ကားက ဘုရားလမ်းမှတ်တိုင်မှာ ရပ်သွားပြီး ကျွန်တော်တို့ ဆင်းလိုက်ကြပါတယ်။

"မဆိုးပါဘူး"

သူမစကားက ကျွန်တော့်ကို ကြောင်အသွားစေတယ်။

"ငါ့ကို ပြောတာလား"

"အင်းလေ. . . ပိုက်ဆံချမ်းသာတဲ့ လူတော်တော်များများက ရှင့်လောက် သဘောမကောင်းတတ်ကြဘူး. . . အဲ့ဒါပါ"

ဝန်ခံရရင်တော့ ကျွန်တော် နည်းနည်းရှက်သွားတယ်၊ ကျွန်တော် ကောင်းပေးနေတဲ့သဘောက စေတနာ ရှေ့မရောက်ဘူးဆိုတာ ဘာသာ သိနေတယ် မဟုတ်လား။ ဒါပေမယ့်လည်း မွေး





ရာပါ ဗီဇအတိုင်း ဆက်မှိန်းနေလိုက်တယ်။

"ဒီလောက်က အပန်းမကြီးပါဘူးကွာ"

"တစ်ခုတော့ ရှိတယ်ရှင့်"

"ဘာလဲ"

"ယောက်ျားအတော်များများက မိန်းကလေးတွေရှေ့မှာ ဟီးရိုးလုပ်ချင်၊ သဘောပြည့်သလိုလို ရင့်ကျက်သလိုလို လုပ်ပြချင်ကြတယ်၊ တကယ် ရင်ထဲက မပါဘဲနဲ့လေ၊ အပေါင်းပေါင်း. . . ရှင်ကတော့ အဲ့သလို မဟုတ်ဘူး ထင်တာပါပဲ"

"ဂလောင်. . . ဂလောင်"

"ဟာ. . . ကန်တော့. . . ကန်တော့ အဘွားရယ်"

"ဒီလောက်တောင် ရှုပ်ပြာနေရလား၊ ငါ့ခွက် ပြန်ကောက်"

"ဟုတ်ကဲ့ပါ"

ကျွန်တော့်မှာ ရှက်မွန်ပြီး ခလုတ်တိုက်မိတဲ့ ကြွေရည်သုတ်ချိုင့်အံကို ကပျာကသီ ပြန်ကောက် နေရာပြန်ချပေးပြီး အဘွားအိုကျေနပ်အောင် အလှူငွေထည့်ရင်း ဟန်းဖုန်းပါ ခွက်ထဲ ယောင်မှားထည့်မိလို့ ပြန်ကောက်ပြီး သူမခြေလှမ်းကို မီအောင် အပြေးလိုက်လာရတယ်။

သူမ တခိခိ ရယ်တယ်လေ။

"မင်း မရယ်နဲ့တော့ကွာ. . . ငါရှက်နေပြီ"

ပြောကာမှ ပိုပြီးရယ်နေ၍ ကျွန်တော်ပါ ရောရယ်ကာ ဆေးရုံဝင်းထဲ ဝင်လာခဲ့ကြသည်။ ထိုအခါ သူမက. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ"

"လုပ်ပြန်ပြီ ဘာကို ကျေးဇူးလဲ"

"ကျွန်မ အဲ့သလို ပေါ့ပေါ့ပါးပါး မရယ်ရတာ ငါးနှစ်လောက် ရှိနေပြီ"

"ဟေ. . . စောစောက ပြောရောပေါ့ကွာ"

"ပြောတော့ ရှင်က ဘာလုပ်ပေးနိုင်မှာမို့လို့လဲ"

"ကျွတ်. . . လူ့ရှင်တော် ရွှေဖလားရော ရွှေစတားပါ စီးနင်းလိုက် ဝယ်ပေးမှာပေါ့ကွ"

သူမ မျက်နှာတည်သွားတယ်။ ပြီးမှ. . .

"စကားအဖြစ် ပြောတာပါလေ၊ တကယ်တော့ ကျွန်မဘဝကြီးကို ပတ္တမြားစတား စီးရီးလိုက် ဝယ်ပေးလည်း ရယ်စရာနေ့တွေ ရှိမှာ မဟုတ်ပါဘူး"

ဘာကြောင့်မှန်း မသိဘဲ ကျွန်တော့်ရင်ထဲ လှိုက်ဟာသွားပြီး သူမမျက်နှာကို ငေးကြည့်မိတယ်။

"ရှေ့ကိုပဲ ကြည့်ပါ၊ ဒီတစ်ခါ ခလုတ်တိုက်ရင် မှောက်လဲလိမ့်မယ်"

"ဩော်. . . အင်းပါ၊ ဒါပေမယ့်. . ."

"နောက်တော့ ရှင်သိလာမှာပါ"

ဆေးရုံအဆောက်အဦး မြေညီထပ်ထဲ ဝင်လာတဲ့အတွက် ကျွန်တော်တို့ စကားစ ပြတ်သွားကြတယ်၊ ကျွန်တော် မပြတ်ချင်ပေမယ့် သူမက ဖြတ်ထားတဲ့အတွက် ဒုတိယထပ် ရောက်အောင်





လှေကားအတိုင်း တိတ်ဆိတ်စွာ တက်လာခဲ့ကြတယ်။

ဒုတိယထပ် လှေခါးထိပ်အရောက် လူနာဆောင်ဖက်မှ တွန်းယူလာတဲ့ တွန်းလှည်းနဲ့ ခြေဆုံးခေါင်းဆုံး စောင်လွှမ်းထားတဲ့ လူသေအလောင်းတစ်လောင်းနဲ့ ပက်ပင်းတိုးနေလို့ သူမမျက်နှာ ဖွေးခနဲ ဖြစ်ပြီး ကျွန်တော့်ဆီ ခေါင်းတိုးဝင်လာတယ်။

ဒီတစ်ခါ တမင် အခွင့်အရေး ယူတာမျိုး မဟုတ်ပဲ အသိစိတ်နဲ့ရော မသိစိတ်နဲ့ပါ သူမကို ကာကွယ်ပေးချင်တဲ့ဆန္ဒနဲ့ သူမ ပခုံးလေးကို ပွေ့ဖက်ပြီး သိမ်းထားမိတယ်၊ မြန်လိုက်တဲ့လက်ကို အတွေ့အကြုံများလို့လို့ မစွပ်စွဲသင့်တာ အမှန်ပါ၊ ဒီတစ်ခါ စေတနာက ရှေ့ဆုံး ထိပ်ဆုံးမှာပါ။

"မရှိတော့ဘူးကွ. . . ခါတ်လှေခါးထဲ ရောက်သွားပြီ"

ထိုအခါမှ သူမ ခေါင်းလေး မဝံ့မရဲ ဖော်ကြည့်ပြီး. . .

"တောင်းပန်ပါတယ်. . ကျွန်မ အဲ့ဒါတော့ အရမ်းကြောက်တယ်"

ကျွန်တော်တို့ ဆေးကုဆောင်ထဲ ရောက်သွားပြီး လူနာများထားရာ ဒုတိယအခန်းကို ခြေချမိချိန်မှာတော့ ကျွန်တော် လုံးဝမျှော်လင့်မထားတဲ့ အခြေအနေတစ်ခုကို စိတ်မကောင်းကြီးစွာ စတင်ရင်ဆိုင်လိုက်ရပါတယ်။

"နန္ဒာ. . . မေမေတို့ ဒီမှာ"

အသံကြောင့် လှည့်အကြည့် အစွန်ဆုံးခုတင်ပေါ် လျောင်းနေတဲ့ လူနာဦးလေးကြီး ငေါက်ခနဲ ထထိုင်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မ. . . နင် ဘာလာလုပ်တာလဲ. . . ထွက်သွားစမ်း၊ နင့်အခွက်ကို ငါ လက်သီးနဲ့ မထိုးမိခင် ထွက်သွားနော်. . . တောက်. . ."

အတော်ဩောပြီး အတော်အောင်လွှန်းတဲ့အသံကြီးကြောင့် လူနာတွေ လန့်ဖျပ်ကုန်ပြီး တာဝန်ကျ ဆရာမတွေ ဆရာတွေ အပြေးရောက်လာကြတယ်။

"ဦးပါစက ဘာဖြစ်တာလဲ"

"ဒီမှာ ဒီကောင်မကြောင့် ကျုပ် ဆေးရုံရောက်တာ၊ အခု ဆေးရုံအထိ လိုက်လာတယ်ဗျာ"

"အဲ့ဒါ ဒီလောက်တောင် အော်ရသလား"

"ကျုပ်က သတ်တောင် သတ်ချင်နေတာ"

တခြားလူနာစောင့်တွေပါ ဝိုင်းအုံလာပြီး သူမကို ဘယ်လိုလဲဆိုသော မျက်လုံးတွေနှင့် ဝိုင်းကြည့်ကြလို့ သူမ ငိုတော့တယ်၊ သူမရဲ့မိခင်ဖြစ်သူ ရင်ခွင်ထဲ ခေါင်းတိုးကာ ငိုနေတာကို ပုဂ္ဂိုလ်ကြီး ဒေါသမပြေနိုင်ဘဲ. . .

"နင် ထွက်သွားလို့ ပြောနေတယ်နော်၊ ဟာ. . . ကြာတယ် ဒီကောင်မ"

ဦးပါစကဆိုသူ ခုတင်ပေါ်မှ ခုန်ဆင်းလာ၍ ဆရာမတွေ လန့်ဖျပ်ကာ ဝိုင်းဆွဲ ဝိုင်းတားကြတယ်။

"ဦးပါစက. . . ရှင်က လူနာလေ၊ တော်တော်သောင်းကျန်းနိုင်ပြီဆိုတော့ တော်တော်ကျန်းမာနေပြီပေါ့ ဟုတ်လား၊ ကောင်းပြီ





ရှင့်ကို ဒီမနက်ပဲ ဆေးရုံဆင်းခွင့်ပေးလိုက်မယ်၊ ဘယ့်နှယ့်တော်. . . ဆေးရုံစည်းကမ်းတောင် ဂရုမစိုက်တဲ့လူနာ. . . အံ့ပါရဲ့"

သို့မှပဲ ဦးပါစ ခုတင်ပေါ် ပြန်ထိုင်ကျသွားတယ်၊ မထိုင်လို့ မဖြစ်ဘူးလေ၊ သူ့ထက် ပိုဩောပြီး ပိုအောင်တဲ့အသံနဲ့ အပြာဝတ် ဆရာမကြီး ရောက်လာတာ. . .

"ကဲ. . . ရှင်တို့ကရော ဘာတွေလဲ၊ ကိုယ့်နေရာကိုယ် သွားကြစမ်း"

ဆရာမကြီးက ပွဲကြည့်သူတွေကိုပါ လှည့်ဟောက်ပစ်လို့ အားလုံး ကိုယ့်နေရာကိုယ် ပြန်ကုန်ကြတယ်။

"ဒီမှာ ဦးပါစက"

"ခင်ဗျာ"

"လူနာချင်း ကိုယ်ချင်းစာပါ၊ ရှင့်ကြောင့် လူနာတွေ လန့်ဖျပ်ပြီး ပြဿနာဖြစ်ရင် ကျွန်မကိုယ်တိုင် ရှင့်ကို တရားစွဲပစ်မယ် ရှင်းလား"

"ဟုတ်ကဲ့ပါ"

"သတ္တိရှိရင် စမ်းကြည့်လိုက်. . . ကျွန်မနာမည် ရေဟုန်ပဲ"

ပြောပြီး ချာခနဲ လှည့်ထွက်သွားတဲ့ ဆရာမကြီးကို ကျွန်တော် လေးစားပြီး အလေးပြုလိုက်ချင်တာပါပဲ၊ မီးလို ပူတဲ့ ပါစကခါတ်လည်း ရေအဟုန်နဲ့ တွေ့မှ ရှဲခနဲ ငြိမ်းပြီး ငြိမ်သွားတယ်၊ ဒါတောင် သူမကို လှမ်းကြည့်နေတဲ့မျက်လုံးတွေက မီးဝင်းဝင်းတောက်နေသေးလို့ ကျွန်တော် ရှေ့ရောက်သွားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com

"တစ်ခုလောက် ရှင်းပြခွင့်ပြုပါ ဦးတို့ အဒေါ်တို့ခင်ဗျာ"

အဲ့သလို ပြောလိုက်တယ်ဆိုရင်ပဲ အကြည့်မျက်လုံးတွေ ကျွန်တော့်ဆီ ရောက်လာတယ်ဆိုတာ ပရိသတ် သိမှာပါ။

"ကျွန်တော့်နာမည်က သော်မော်ပါ၊ ဦးတို့ အဒေါ်တို့နဲ့ တစ်ရပ်ကွက်ထဲပါပဲ"

"ဟော့ကောင်. . . လိုရင်းတိုရှင်းပြောကွာ၊ ဘာလဲ"

"ဒီလိုပါ. . . မနေ့ညနေက ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း သုတေသနတစ်ခုအတွက် ဖားလိုက်ဖမ်းကြပါတယ်၊ ဖားရှာရင်း ဦးတို့လမ်းထဲ ရောက်တော့ မှောင်ရီသမ်းနေပြီ၊ အဲ့ဒီအချိန်မှာ ဒီက ဦးသမီးကို လူတစ်ယောက်က လိုက်နှောင့်ယှက်နေတာ တွေ့လို့ ဝင်ကူဝင်တားရင်း ကျွန်တော့်ဖားအိတ်နဲ့ သူ့အသားလုံးကျော်အိတ် မှားသွားခဲ့ကြတာပါ၊ ကျွန်တော်လည်း မှားပြီဆိုတာ ခုမနက်မှ သိရတာပါ၊ အဲ့ဒါကြောင့် ဦးရဲ့သမီးမှာ အပြစ်မရှိပါဘူးခင်ဗျာ"

"ဒါဆို မင်းအပြစ်ပေါ့"

ကျွန်တော် သူမကို တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပစ်လိုက်တယ်။ သူမ လန့်သွားတဲ့မျက်လုံးတွေကို မြင်လိုက်ရတာ အားရှိစရာပါ။

"ကောင်းပြီ. . . မင်းကြောင့်လို့ ဝန်ခံတယ်နော်"

"ဟုတ်ကဲ့ပါ"

"အေး. . . ဒါဆို အခု ငါ ဆေးဖိုးခြောက်သောင်း ကုန်သွားပြီ၊ နောက်ထပ် ဘယ်လောက်ကုန်ဦးမယ်ဆိုတာ မသိဘူး၊ ကုန်ကျ





သရွေ့ မင်း လျော်ပေတော့"

ကျွန်တော် မျက်တောင်မခတ်ဘဲ မေမေပေးထားတဲ့ တစ်သိန်းအုပ်လေးကို ထုတ်ပေးလိုက်ပါတယ်။

"မလောက်ရင် ထပ်ပြောပါ ခင်ဗျာ၊ လောလောဆယ် ဦးအနေနဲ့ တစ်ခုတော့ ကျွန်တော့်ကို ပြန်ပေးပါ"

ဦးပါစက တစ်သိန်းအုပ်ကို လက်ထဲ လှည့်ပတ်ကြည့်ပြီးမှ

"ငါက ဘာပြန်ပေးရမှာလဲ"

"သူ့မှာ အပြစ်မရှိဘူး၊ ငါ စိတ်လောပြီး ဆူမိတာ ငါ့အပြစ်ပါဆိုတဲ့စကားလေးပါ"

"ဘာ. . . ဘာရယ်"

ဦးပါစက နှုတ်ခမ်းထောင့် တွန့်တက်ပြီး ကျွန်တော့်ကို ကြည့်လိုက်တယ်။

"ဦး မပြောနိုင်ရင် သူ့မှာ အပြစ်ရှိတဲ့အတွက် ကျွန်တော့်မှာ အပြစ်မရှိတော့ဘူး၊ ဒီတော့ လျော်ကြေးကို ပြန်ယူရလိမ့်မယ်"

"ဘာ. . . ဘာကွ၊ ဒါ မင်းအပြစ်ပဲ၊ ဟုတ်တယ်. . . မြရည်နန္ဒာမှာ အပြစ်မရှိဘူး၊ ငါ စိတ်လောတာ၊ ကဲ. . . ရပြီလား"

"ဟာ. . . ဒါဆို ရပါပြီခင်ဗျာ၊ ကဲ. . . ကျွန်တော့်ကို ခွင့်ပြုကြပါ"

"အေး. . . ငါ ဆေးရုံက မဆင်းရသေးဘူးဆိုရင် မင်းလာကြည့်ဦး၊ လိုတာ လာဖြည့်ဦးနော်. . . ကြားလား"

"စိတ်ချပါ"


www.burmeseclassic.com

www.burmeseclassic.com



“မေမေ ဒီချိုင့်ထဲမှာ အဆာပြေ စားဖို့ ပါတယ်၊ သမီးလဲ ပြန်မယ်”

“ဘာ. . . နင်က အတူလိုက်ပြန်မှာလား. . . နေခဲ့ဦး”

“မနေဘူး. . . အိမ်မှာ ကလေးတွေချည်း ကျန်ခဲ့တာ”

“တွေ့လား. . . နင့်သမီးက သောက်ချိုးကို မပြေတာ”

သူမ ဖွတ်ပဲ ထွက်လိုက်လာခဲ့ပါတယ်၊ ကျွန်တော့်ရဲ့ တစ်သိန်းတန် ခြေလှမ်းတွေဘေးမှာ သူမလည်း ပါလာတော့ ကုန်လို့ ကုန်မှန်း မသိတဲ့အပျော်တွေဟာ ကျွန်တော့်ရင်ထဲမှာ ပျာယာခတ်လို့ပေါ့ဗျာ။

ဆေးရုံအပြင်ဖက် ရောက်မှ သူမက. . .

“ဘယ့်နှယ့်လဲ. . . ကျွန်မကို ဘာနဲ့မှ ပျော်ရွှင်အောင် လုပ်မပေးနိုင်ဘူးဆိုတာ ရှင်မြင်ပြီမဟုတ်လား”

“အေးကွာ. . . မင်းအဖေက အတော်ဒေါသကြီးတာပဲ”

“အဲ့ဒါ အဖေမဟုတ်ဘူး. . . ပထွေး”

“ဟေ. . .”

“သူ့ကြောင့် အောင်ဘန်းက လိမ္မော်ခြံတစ်ခြံလည်း ကုန်ခဲ့ပြီ၊ ရှိတဲ့ပစ္စည်းလေးတွေလည်း ကုန်ပြီ၊ အခု ရန်ကုန်ပြောင်းလာတာလည်း သူ ဟိုမှာ လုပ်မစားတတ်ဘူး၊ ရန်ကုန်က သူ့ဇာတိ၊ သူ ဘယ်လိုရှာရှာ တစ်မိသားစုလောက်ကတော့ ရွှေတောင် ကွပ်ထားလို့ ရတယ်ဆိုလို့ ယုံပြီး လိုက်လာကြတာ၊ မငတ်ရုံတမယ်ပဲ၊ အငယ်တွေတောင် ကျောင်းမထားနိုင်ဘူး၊ မေမေ့အပေါ်မှာလည်း အရမ်း





ကို ရက်စက်တယ်၊ ကျွန်မဆိုတာကတော့ ရှင်ကြားတဲ့မြင်တဲ့အတိုင်းပဲလေ”

သူမ စကားသံ ပြတ်သွားပေမယ့် ကျွန်တော့်ရင်ထဲ တလှပ်လှပ် တုန်ခါကျန်ရစ်ခဲ့ရတဲ့ နာကျင်ခံစားမှုတွေကတော့ တစ်စက္ကန့်တောင် ပြတ်တောက်မသွားပါဘူး။

ကားမှတ်တိုင် ရောက်မှ သူမက. . .

“နေပါဦး. . . ရှင်က ဘာဆိုင်လို့ အပြစ်ဝင်ခံပြီး ပိုက်ဆံထုတ်ပေးရတာလဲ၊ အဲ့ဒီလူယုတ်မာက အဲ့သလောက်နဲ့ ကျေနပ်မယ် ထင်လို့လား”

“မကျေနပ်လည်း ငါရှင်းတတ်ပါတယ်၊ လောလောဆယ် မင်းကို ထိခိုက်သွားမှာကို ငါ လုံးဝလက်မခံနိုင်ဘူးကွာ၊ အခုလို ရှင်းရှင်းလင်းလင်းကြီး သိလိုက်ရတော့ ပိုတောင် အထိမခံနိုင်တော့ဘူး”

“ရှင်နဲ့ မဆိုင်ဘူးလေ”

“အခု မဆိုင်လဲ နောက် ဆိုင်လာမှာပဲ၊ အဲ့ဒါ သေချာတယ်”

ပိုပြီးသေချာတာက သူမ ရှက်ပြီး ငုံ့ကျသွားတဲ့ မျက်နှာလေးပါ၊ ကြည့်ပါဦးကွယ်၊ ဘယ်လောက် သနားစရာကောင်းပြီး ချစ်မက်မူးစရာ ကောင်းလိုက်တဲ့ မျက်နှာလေးလဲဆိုတာ. . .။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူမဆို
သူ့သူ့ကိုယ်ကိုယ်ပါပဲ
ချစ်သူအတွက်ဆို....သူ့ရဲ့ကောင်းဖြစ်ချင်ကြတာချည်းပဲ၊
လေထဲတိုက်အိမ်ဆောက်တဲ့သူနဲ့
တကယ့်ဘိလပ်မြေဖျော်တဲ့သူ
ဒါပဲကွာတယ်၊





## အခန်း (ငါး)

ထက်ခေါင်ကိုစွအတွက်ပါ အလျော်အစားတွေ ကူလုပ်ပေးလိုက်ရလို့ ကျွန်တော်လည်း စုစုပေါင်း သုံးပုံးလောက် မြောက်သွားပြီ။

နေသာထိုင်သာလည်း ရှိသွားပါတယ်။

"ထက်ခေါင်"

"ဟေ. . . ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အလုပ်ဝင်လုပ်ကြရအောင်ကွာ"

"ဟင်. . . မင်းပြောတော့ ဒီနှစ်ကုန်မှဆို"

"ဟုတ်တယ်. . . ဒါပေမယ့် ငါ ငွေရှာချင်ပြီကွာ"

"ဟာ. . . ဒါ ဘာရောဂါလဲ၊ နေပါဦး. . . မင်းရဲ့ဖားစီမံကိန်းကရော"

"အဲ့ဒါက လုပ်မှာပါ၊ အခု လက်ဖက်ရည်ဆိုင်က ထရင်ပဲဖားရှာမှာ၊ ငါ အခု ဟိုလေးယောက်စလုံးကို ဖြတ်စာတွေ ပေးလိုက်ပြီ၊ အားလုံးရှင်းသွားပြီ"

"လွယ်လှချည်လား"

"လွယ်တယ်. . . သူတို့ကလည်း ငါ ရေလျှံလို့ လွယ်လွယ်လေး လာတွဲတာ၊ အခု ငါ ရေခမ်းသွားပြီ၊ မခမ်းလည်း ခမ်းပြီဆိုတော့ သူတို့ရေသောက်မြစ်တွေ ရေရှိတဲ့နေရာ ရွှေ့ပြီပေါ့ကွာ၊ ဒါပါပဲ"

"အဲ့သလိုလား"

"အခု လောလောဆယ် ငါ့ဆီမှာ တစ်ပွင့်တည်း ပွင့်တဲ့အချစ်ပင်လေးတစ်ပင်ရဲ့ ရေသောက်မြစ်လေး ကျန်နေတယ်၊ သူ့အတွက် ရေလိုတယ်ကွာ၊ မေမေ့ဆီမှာ နှိုက်ရတာလည်း အားနာလှပြီ"

"ဪ. . . မင်းက"

အဲ့ဒါနဲ့ပဲ မြရည်နန္ဒာရဲ့ဘဝခါးခါးကို ကျွန်တော်သိရသလောက် ထက်ခေါင်ကို ပြောပြလိုက်တယ်။





"ဟာ. . . ဒီအဘိုးကြီး မိုက်ရိုင်းလှချည်လား၊ ငါ သမလိုက်ရမလား"

"တော်တော့. . . မင်းလည်း အဲ့ဒီစရိုက်တွေ စွန့်တော့ကွာ"

"နေပါဦး. . . မင်းစိတ်ထဲ သူက တကယ်အတည်ဖြစ်သွားပြီလား"

"အတည်ပဲ. . . ငါ ကိုယ်ချင်းစာတဲ့ အတည်ပါ ထည့်ပေါင်းရင် ဒီတစ်သက်စာ ငါ့ဘဝမှာ မြရည်နန္ဒာပဲ ထက်ခေါင်၊ ငါလည်း ပထွေးဒဏ်ကို သုံးနှစ်လောက် ခံဖူးတယ်၊ ကံကောင်းတာက ငါ့အမေက သူ့အမေထက် သတ္တိရှိတယ်"

"နှလုံးသားနဲ့ အသွေးအသားကို ပြတ်ပြတ်သားသား ခွဲခြားပြီး ကွာရှင်းပစ်လိုက်လို့ ငါ သက်သာသွားတယ်၊ မဟုတ်ရင် ငါ့ကျောင်းကို ဒဂုံတက္ကသိုလ်မှာ မတက်ရဘဲ အင်းစိန်အကျဉ်းထောင်မှာ တက်ရမှာ အသေအချာပဲ၊ အဲ့ဒါကြောင့် သူ့ဘဝနဲ့ ငါ့ဘဝ ထပ်တူကျသွားတာ ဟေ့ကောင်ရဲ့"

ထက်ခေါင်လို ပေါ့ပေါ့ပါးပါးကောင်တောင် လေးလေးပင်ပင် သက်ပြင်းရှိုက်သွားတယ်။

"အေးကွာ. . . ဒါဆိုလည်း လုပ်လေ၊ မင်းက အသိုင်းအဝိုင်းကြီးတော့ အလုပ်ကိစ္စ မင်းက ပိုပြီးခရီးရောက်တယ်၊ ပြင်ဆိုလည်း ပြင်ကြတာပေါ့ကွာ"

"အိုခေ. . . ကဲ. . . ဖားဖမ်းပွဲလေး ဆက်လိုက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနောက် လက်ဖက်ရည်ဖိုး ရှင်းပြီး ဒေါ်မိထုံဆိုင်က ကျွတ်ကျွတ်အိတ်တစ်လုံး ဝယ်ကာ ဖားဖမ်းပွဲ စတင်ပါတော့တယ်။

၅ ၅ ၅ ၅





ဒီကနေ့ ဆိုင်ခန်းရှေ့ မြောင်းထဲ ဘုတ်ခနဲ ပစ်ချသံကို ဦးမေတ္တာ ကြားသလို ဒေါ်တူးလည်း ကြားတယ်။

ဒေါ်တူးဆိုင်နဲ့ ဦးမေတ္တာဆိုင်က ကြားမှာ ကိုအာနိုး ကွမ်းယာဆိုင်ခန်းနဲ့ လောလောဆယ် မရောင်းဘဲ ပိတ်ထားတဲ့ ဆိုင်ခန်းတစ်ခန်းပဲ ခြားတာဆိုတော့ အဲ့ဒီအကွာအဝေးရဲ့အလယ်လောက်မှာ ကျသွားတဲ့အသံမို့လို့ နှစ်ယောက်စလုံး သတိထားမိလိုက်တာပါ။

ဖြစ်ချင်တော့ ဒေါ်တူးကလည်း မုန့်ဟင်းပွဲ လက်မလည်အောင် ဖြစ်နေရတဲ့အချိန် ဦးမေတ္တာကလည်း ဈေးဦးပေါက်က ဝယ်နေတဲ့ ဖောက်သည်ကို မလွတ်အောင် အပိုင်ပြောရောင်းနေရတဲ့ အချိန်ဆိုတော့ အသံကြားပေမယ့် လှည့်မကြည့်အားဘူး၊ အဲ့ဒါကြောင့် ဘယ်သူ ပစ်ချသွားမှန်း မသိလိုက်ကြဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲ့သလိုနဲ့ နေ့လယ်ခင်းလောက် အရောင်းပါးချိန် ရောက်တော့မှ ဦးမေတ္တာလည်း ထမင်းစားသောက်ပြီး ဆိုင်ရှေ့ မျက်နှာစာဘေး ချထားတဲ့ ဝါးပက်လက်ထိုင်ခုံ ထွက်ထိုင်ပြီး ထမင်းလုံး စီတော့မှ မနက်က ဘုတ်ခနဲ ကျတဲ့အသံကို သတိရသွားတယ်။

အဲ့ဒါကြောင့် အိပ်ပဲ့ပဲ့ လုံ့လျှန်ထားတဲ့ ခန္ဓာကိုယ်ကြီးကို အိခနဲ ထောင်မတ်စေပြီး ကွမ်းသီးလုံးလောက် ပြူးကျယ်တဲ့မျက်လုံးတွေနဲ့ မြောင်းထဲ လှမ်းကြည့်လိုက်တယ်။

"အထုပ်ကြီးဟ"

အထုပ်က ကျန်ကျောင်းအိတ်လို ကျွတ်ကျွတ်အိတ်အမည်းကြီးနဲ့ လက်ကိုင်ကိုင်းစနှစ်ခုကို ခပ်တင်းတင်း ခေါက်ချည်ထားတော့ အိတ်ကြီးက ဖောင်းဖောင်းလုံးလုံးကြီး ဖြစ်ပြီး ရေပေါ် ပေါလောပေါ်နေတာ။

ပြောရရင် ကိုမေတ္တာ ရင်နည်းနည်းခုန်လာတယ်၊ သူ့အဒေါ်လည်း အဲ့သလို အထုပ်ကြီးတစ်ထုပ် ကောက်ရလို့ သက်န်းကျွန်းဘူတာနားက တဲကုတ်ကလေးကနေ သော်မဆင်မှာ တိုက်ခန်းဆိုင်ခန်းတွေ ဝယ်နိုင်တဲ့အထိ ကြီးပွားချမ်းသာသွားတာ မဟုတ်လား။

အဒေါ်ခါတွန့်နီက သူ့လိုပဲ စိတ်ကောင်းမွေး သမ္မာအာဇီဝ ကျကျ လုပ်ကိုင်စားသောက်တဲ့သူဆိုတော့ အလ္လာက သူ့သာဝကတွေ ဆင်းတောင့်ဆင်းရဲဖြစ်နေတာ မကြည့်ရက်နိုင်ပဲ တမန်တော်ကတဆင့် မစတာ မဟုတ်ရင် ဘာဖြစ်မလဲ။ ဒါပဲ. . . ဒါပဲ။





သူ စိတ်နှလုံးကောင်း ရှိတာ တစ်ရပ်ကွက်လုံး သိမှတော့ နတ်ကောင်းနတ်မြတ်တွေလည်း သိပြီပေါ့၊ ဒါဆို တမန်တော်သီး အလ္လာရှင်မြတ်လဲသိ၊ ဟဲ့. . . ကြည့်ရှုကြစမ်းဟဲ့ ဆိုပြီး ဘုတ်ခနဲ လာပစ်ချတာပဲ ဖြစ်ရမယ်၊ ဟုတ်တယ်. . . ဟုတ်ကို ဟုတ်ကို ဟုတ်ရမယ်။

ကိုမေတ္တာ သူ့အတွေးနဲ့သူ ခိုင်ခိုင်မာမာကို ယုံကြည်လာပြီး ဆိုင်ကအထ မီးဖိုပြာတွေ မြောင်းထဲ လာသွန်ရင်း မြောင်းနှုတ်ခမ်းနား ထိုင်ပြီး အထုပ်ကြီးကို လှမ်းကြည့်နေတဲ့ ဒေါ်တူးကို မြင်မှ ကိုမေတ္တာ အရှိန်သတ်ပြီး မတ်မတ်ကြီး ထိုင်နေလိုက်ရတယ်။

ဒေါ်တူးအတွေးထဲမှာတော့ ဒီအထုပ်က ညက အိပ်မက်နဲ့ တိုက်ဆိုင်လွန်းတယ်ဆိုပြီး သံသယ ဖြစ်နေတာလေ၊ အိပ်မက်တာလည်း ထူးထူးဆန်းဆန်းပဲ။

သူ မုန့်ဟင်းခါးဆိုင် ထွက်ဖို့ မနက်လေးနာရီလောက် ဟင်းရည်အိုး မီးထထိုးနေတုန်း အဘွားကြီးတစ်ယောက် ဆိုင်ရှေ့မှာ အထုပ်ကြီးတစ်ထုပ်နဲ့ လာရပ်တယ်၊ သူ လှမ်းကြည့်လိုက်တော့ အဘွားကြီးက. . .

"ဟဲ့. . . မိတူး နင့်ဟင်းရည်အိုး မြောင်းထဲ သွန်လိုက်တော့ ရော့. . . ဒါနဲ့ပဲ ထိုင်စားပြီး တရားအားထုတ်ဖို့ ပြင်တော့" လို့ ပြောပြီး ပစ်ချလိုက်တာမှ ဘုတ်ခနဲပဲ။

အဲ့ဒီ ဘုတ်ခနဲ အသံကြီးကြောင့်ပဲ သူ လန့်နိုးလာတာ နိုးနိုးချင်း ကြည့်လိုက်တော့ ကြောင်အိမ်ပေါ် တင်ထားတဲ့ ဖယောင်းထုပ်



www.burmeseclassic.com

www.burmeseclassic.com



က ကြမ်းပြင်ပေါ် ကျလို့။

အင်း. . . ကြောင်ဆွဲလို့ ပြုတ်ကျတဲ့အသံနဲ့ ရောပြီး အိပ်မက်,မက်တာပဲလို့ ထင်ပြီး ပေါ့ပေါ့ပဲ နေနေတာ၊ ခုတော့ ဘုတ်ခနဲ ကြားလိုက်ရတဲ့အသံနဲ့ မြောင်းထဲက အထုပ်ကြီးကို ဘယ်လိုနားလည်ရပါ့။

ဒါနဲ့ပဲ ဒေါ်တူးတစ်ယောက် သူ့သံသယကို အဖြေရှာဖို့ ဆုံးဖြတ်လိုက်ပုံပါပဲ၊ ဆိုင်ရှေ့လှည်းတဲ့ အုန်းလက် တံမြက်စည်းကို သွားယူလာတယ်၊ တံမြက်စည်းက အရိုးရှည်တော့ အထုပ်ကွင်းထဲ အရိုးအိုးထည့်ပြီး ဆွဲတင်လိုက်မယ်ပေါ့။ ဒါကို ဦးမေတ္တာကြီး မြင်တော့ မရိုးမရွ ဖြစ်သွားပြီး ဝုန်းခနဲ ထလာတယ်။

"အစ်မကြီး ဘာလုပ်မလို့လဲ"

"အပေးပေး. . . ဘာထုပ်မှန်း မသိလို့ မောင်လေးရယ်"

"အစ်မ ခဏလေး"

ဦးမေတ္တာ ဝင်တားလို့ ဒေါ်တူး တံမြက်စည်း ကိုင်ပြီး လှည့်ကြည့်တယ်။

"တစ်မျိုးမထင်ပါနဲ့ အစ်မကြီး၊ မေတ္တာလေ. . . အဲဒီအထုပ်ကျတဲ့အသံကို မနက်ကတည်းက ကြားတယ်၊ ဆိုင်မှာ ဝယ်သူရောက်နေလို့သာ လှည့်မကြည့်ဖြစ်တာ သိလား"

"အေး. . . ငါလည်း ကြားတယ်ဟဲ့၊ စားပွဲတွေ ဆက်နေလို့ မကြည့်လိုက်တာ"

"ဟုတ်လား. . . တိုက်ဆိုင်လိုက်တာ အစ်မကြီးရယ်၊ ကျွန်





တော့်အဒေါ်လေ အဲဒီလို အထုပ်ကြီး ကောက်ရပြီး ကြီးပွားသွားတာ အစ်မကြီးရဲ့၊ ကျွန်တော်လည်း အစ်မကြီးလို စိတ်ကောင်းမွေးတော့ အလွှာရှင် မစသလားဆိုပြီး ထိုင်တွေးနေတာ"

"အို. . . ငါလည်း ဘာထူးလဲ"

ဒေါ်တူးက သူ့အိပ်မက်အကြောင်း ပြောပြလိုက်တော့ ဦးမေတ္တာတောင် မျက်လုံးပြူးသွားတယ်။

"ဒါဆို ကျွန်တော်တို့ မောင်နှမတွေ ကံတူအကျိုးပေးပြီလား မသိဘူးနော် အစ်မ"

"ရှူး. . . နင် အ,တာလည်း တော်ရုံအ,ဟဲ့၊ သူများကြားသွားရင် ဒုက္ခရောက်ကုန်မယ်၊ ဒီလိုလုပ်. . . အထုပ်ကို နင်ဆယ်ပြီး မှန်ပုံးထဲ ထည့်၊ ဆိုင်ထဲ သွင်းလိုက်၊ ငါ လူရိပ်လူခြည် ကြည့်ပြီး လိုက်ဝင်လာမယ်၊ ငါတို့ တစ်ယောက်တစ်ဝက် ခွဲယူကြမယ်. . . ဘယ့်နှယ့်လဲ"

"ကောင်းတယ် ကောင်းတယ် အစ်မကြီး"

နှစ်ယောက်သား ကျေကျေနပ်နပ် တိုင်ပင်ပြီးသွားကြပြီဆိုတော့ ဆယ်တဲ့လူကဆယ်၊ ကြည့်တဲ့လူကကြည့်နဲ့ အထုပ်ကြီး ဆိုင်ထဲ ရောက်သွားတယ်။

လူမသိအောင် လုပ်ရတဲ့အလုပ် မဟုတ်လား၊ အဲ့ဒါကြောင့် ဦးမေတ္တာက အထုပ်ကြီး ထည့်ထားတဲ့မှန်ပုံးကို နောက်ခန်းထဲက သူ့အိပ်စင်ပေါ် တင်ပြီး ထိုင်စောင့်နေလိုက်တယ်။

အမှန်တော့ ခုတင်ပေါ့ဗျာ၊ ဒါပေမယ့် ဦးမေတ္တာက ဈေး



www.burmeseclassic.com

www.burmeseclassic.com



တာရေးစနစ်နဲ့ ဝါးပိုးဝါး တိုင်ထူဖောက်စွပ်လုပ်ပြီး ဝါးတွေနဲ့ ခုတင် လုပ်ထားတာ။

ဒေါ်တူးလည်း လူရိပ်လူခြည် ကြည့်ပြီး ဆိုင်တံခါးတစ်ခြမ်း ပါ အသာပိတ်လိုက်တယ်ဗျ၊ ဒေါ်တူး ဝင်လာတော့ ဦးမေတ္တာက လေသံနဲ့. . .

"အစ်မကြီး. . . ကျွန်တော် ဒီမှာ အနောက်ပေါက်ပါ ပိတ် လိုက်ရင် ကောင်းမလား"

"အေး. . . အေး. . . ငါပိတ်လိုက်မယ်"

ဒေါ်တူး ဆိုင်နောက်ပေါက်ပါ ပိတ်ပြီး ဦးမေတ္တာ ရှိနေတဲ့ ခုတင်ပေါ် ခြေရင်းဖက်ကနေ အသာဝင်ထိုင်လိုက်တယ်၊ မှန်ပုံးနဲ့ အထုပ်ကြီးက နှစ်ယောက်သား အလယ်မှာလေ။

တံခါးတွေ ပိတ်လိုက်တော့ အခန်းထဲ အတော်မှောင်သွား လို့ ဦးမေတ္တာက အားသွင်းသုံးတဲ့ ဆင်ရုပ်မီးခြောက်လေး ခေါင်းရင်း ဖက်က လှမ်းဆွဲပြီး မှန်ပုံးနားမှာ ဖွင့်လိုက်တယ်။

အလင်းကွက်ကွက်လေးအောက်မှာ အလင်းအုပ်အုပ်ကြီး ငြိမ်နေတဲ့အထုပ်ကို ကြည့်ပြီး ဦးမေတ္တာနဲ့ ဒေါ်တူးတို့ ရင်တွေ တဒိုင်းဒိုင်း ခုန်လာတယ်၊

"ကျွန်တော်တို့ ချမ်းသာပြီ အစ်မကြီးရာ"

"အေးပေါ့ မောင်လေးရာ၊ ငါလေ ဒီပစ္စည်းတွေ ထုခွဲရောင်း ချပြီး လမ်းမတန်းက မြေကွက်တစ်ကွက်လောက် ဝယ်မယ် သိလား၊ ဒေါက်တာမြင့်သောင်း ဆေးခန်းဘေးက မောင်တင်လှိုင်တို့အိမ် သိ





တယ်မဟုတ်လား"

"ဘယ်တူ"

"ဩော်. . . ငါတို့ ဓမ္မာရုံ ဒုဥက္ကဋ္ဌ ကောင်လေးယော်ဟာ လေ"

"ဩော်. . . တင့်နိုင် သိတယ်"

"အေး. . . သူတို့ခြံကွက်က အမွေဆိုင်ခြံ၊ အဲ့ဒါ ရောင်းမယ် ဆိုလား၊ ငါ့အတွက် အဲဒီနေရာသာ ရရင် သေပျော်ပါပြီဟယ်. . . ဟီး. . ဟီး. . ဟီး"

"အဲဒီခြံဝယ်ပြီး အစ်မကြီး ဘာလုပ်မှာလဲ"

"ဩော်. . . နင် တော်တော်ပိန်းတဲ့ကုလား၊ အဲ့ဒီခြံရှေ့မှာ ကားလမ်းပဲ ခြားတဲ့ ထောင့်ကွက်ကြီး မြင်လား"

"အင်း. . ."

"အေး. . . အဲ့ဒါ ရာဇာမင်း အဝေးပြေးကားဂိတ်ကြီး ဖွင့်မှာ ဟဲ့၊ ငါသာ အဲဒီခြံ ဝယ်နိုင်ရင် ငါ့သမီးနဲ့ ငါ့မြေး ဆိုင်ဖွင့်စား၊ တည်းခို ခန်း ဖွင့်စားစမ်း၊ ငါကတော့ တရားအားထုတ်လိုက် အိမ်ပြန်လာ လိုက်ပေါ့ဟယ်၊ အဟေး. . ဟေး. . ဟေး"

"အစ်မကြီး တော်တယ်ဗျာ၊ အရမ်းလာဘ်မြင်တယ်၊ ကျွန် တော်ကတော့ ဒီပစ္စည်းတွေ ရရင် အိမ်ရှင်မကောင်းကောင်း ရှာယူ မလားလို့၊ အဟီး. . ဟီး. . ဟီး"

"ယူ. . ယူ. . ကဲ. . . ဖွင့်လိုက်တော့လေ"

"ဖွင့်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဖွင့် . . ."

အဲ့ဒါနဲ့ပဲ ဦးမေတ္တာ ကတုန်ကယင်နဲ့ ကျွတ်ကျွတ်အိတ်ကြီးကို ဖွင့်ပြီး ဆင်ရုပ်မီးနဲ့ ကြည့်လိုက်ကြတယ်။

"ဖ . . . ဖား"

"အား . . ."

"အား . . . ဘာရာဘာ အလ္လာ"

"ဝုန်း . . ."

"ဂွျတ် . . ."

"အင့် . . ."

၄၄၄၄





ဖားလေးကောင်လောက် ရပြီးမှ . . ကျွန်တော့်စိတ်ကူးအ

တွေးထဲ လင်းခနဲ ဖြစ်သွားတယ်။

"ဟာကွာ"

"ဘာလဲ . . . ဘာဖြစ်တာလဲ"

ထက်ခေါင် အလန့်တကြား လှည့်မေးလို့ ကျွန်တော် လတ်

ဖျစ်တီးပြီး . . .

"လာကွာ"

"ဘယ်လဲ"

ထက်ခေါင် ကျွန်တော့်ခြေလှမ်းအတိုင်း အတူတူ လိုက်

လှမ်းရင်း . . .

"အခု ဘယ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြရည်နန္ဒာတို့အိမ်ကွ"

"အရေးထဲကွာ"

"ဟော့ကောင် လျှောက်တွေးမနေနဲ့၊ သူ့ဆီ ပါသွားတဲ့ဖား တွေက ကိုးကောင်ကွ၊ အခု သူ အဲဒီအထုပ်ကို ဘယ်မှာ ပစ်လိုက် သလဲ၊ အထုပ်လိုက် ပစ်လိုက်တယ်ဆိုရင် အခု ငါတို့ ရထားတာနဲ့ ပေါင်း ဆယ့်သုံးကောင်ပဲ. . . သဘောပေါက်လား"

"ဒီအတိုင်း လွှင့်ပစ်လိုက်တာဆိုရင်ကော"

"ဒါတော့ မတတ်နိုင်ဘူးပေါ့ကွာ၊ သွားကြည့်လိုက်တာ မပင်ပန်းပါဘူး"

"မင်းကိုက ကြည့်ချင်ချင်ဖြစ်နေတာ မဟုတ်လား"

"အေး. . ."

အဲ့သလိုနဲ့ နှစ်ယောက်သား မြရည်နန္ဒာတို့ရှေ့ ရောက်သွား တယ်၊ လှမ်းကြည့်လိုက်တော့ မြရည်နန္ဒာ အဝတ်တွေ လျှော်နေ တယ်။

"ဟော့. . . ဒီမှာ"

"ဩော်. . . ကိုသော်မော်"

သူမ ရေစိုနေတဲ့ထမီကို ကျောခိုင်းပြီးမှ သေချာပြင်ဆင်ဝတ် ပြီး ခြံအဝင်ဝကို လျှောက်လာတယ်၊ ရေစိုလို့ တုတ်နေတဲ့ထမီနဲ့ လျှောက်ရတာဆိုတော့ ခြေရာချင်း ထပ်ပြီး လုံးပြည့်စွင့်ကားနေတဲ့ ခန္ဓာကိုယ် အလှတရားကို နည်းနည်းလေး မြင်ရရုံနဲ့တင် အတော် ရင်ခုန်စရာပါ၊ ထက်ခေါင်က လေသံနဲ့. . .





"တော်တော်လှတယ်နော် သော်မော်"

"ဟော့ကောင်. . . မင်းမျက်လုံးတွေ အမှောင်ချထားစမ်း"

"ကိစ္စရှိလား ကိုသော်မော်"

"အေးကွာ. . . မေးရတာ အားနာပါတယ်၊ ဟိုလေ. . . မနေ့က ဖား. . . ဖားထုပ်ကြီး ဘယ်ကိုပစ်လိုက်သလဲ သိချင်လို့"

"ဩော်. . . အဲ့ဒါ အဲ့ဒီအိတ်နဲ့ပဲ ခြံအပြင်ဘက် ပစ်လိုက် တယ်"

"ဖားအိတ်လား မမ"

ခြံထဲမှာ ကစားနေတဲ့ ကလေးမလေးက လှမ်းမေးလို့ ကျွန် တော် အားတက်သွားပြီး. . .

"အေး. . . ဟုတ်တယ်၊ ညီမလေး ဘယ်မှာတွေ့လဲ"

"မနက်က မမကြီး ဆေးရုံသွားနေတုန်း ပလတ်စတစ် ကောက်တဲ့ ကောင်လေးတွေ ယူသွားတယ်"

"ဟာ. . . သွားပါပြီကွာ"

ကျွန်တော် စိတ်ပျက်ပြီး နဖူးရိုက် မြည်တမ်းမိလို့ သူမက

"နေပါဦး. . . အဲဒီဖားတွေ ဘာလုပ်ဖို့လဲ"

"အလုပ်ရှိလို့ပေါ့ကွာ၊ ကဲ. . . ငါတို့ သွားတော့မယ်၊ ဩော် ဆေးရုံကိစ္စ ထူးခြားရင် ငါ့ကို အသိပေးဦးနော်၊ မင်း ထမင်းသွားပို့ဦး မှာမလား"

"မပို့တော့ဘူးလေ. . . သူတို့လင်မယား အော်ဒါမှာစားလို့ တောင် ရနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . အင်း. . ကဲ. . သွားပြီနော်"

အမှန်တော့ အာလာပသလ္လာပ စကားလေးနဲ့ ထိုင်ပြီး ဟိုဖောဒီဖော ပြောချင်နေတာပါ၊ အလုပ်ကလည်း ရှိနေတော့ မျက်လုံးနဲ့ပဲ တင်းတိမ်ရောင့်ရဲပြီး ပြန်လာခဲ့ရတယ်။

ကျွန်တော်တို့ ချောင်းစပ်ဘက် ဆက်ရှာဖို့ အနောက်လမ်းဘက်က ပြန်ပတ်အထွက် ဓမ္မာရုံလမ်းယိပ်မှာ လူတွေ အုံနေတာ တွေ့လို့. . .

"ဘာဖြစ်တာလဲကွ"

"ဘယ်သိမလဲ"

"သွားကြည့်ရအောင်ကွာ"

အဲဒါနဲ့ပဲ နှစ်ယောက်သား ဓမ္မာရုံရှေ့လမ်းထောင့်က ဦးမေတ္တာဆိုင်နား ရောက်သွားတယ်။

လူတွေ တအုံတမကြီးထဲ ရ. ယ. ကအဖွဲ့လူကြီးတွေ၊ မီးသတ်ဗိုလ်ကြီး ဦးမြင့်အေးတို့အဖွဲ့ပါ တွေ့ရလို့ ပြဿနာ အတော်ကြီးကြီးထဲကဆိုတာ သေချာပြီ။ စိတ်ဝင်စားသွားတယ်။

"ဒါဆိုလည်း ရုံးရောက်မှ ရှင်းဗျာ. . . ကြာတယ်"

"ရုံးအထိ မလိုဘူးလေ ဆရာ"

"ဒီမှာ ကိုမေတ္တာ ဆိုင်တံခါး တစ်ခြမ်းပိတ်ထားတဲ့အထဲက အော်သံကြီး ကြားလို့ လာပြောတယ်၊ ခုတင်ကျိုးကျပြီး ဒေါ်တူး မေ့နေတယ်၊ ခင်ဗျားက ဒေါ်တူးဘေးမှာ၊ အခု ဒေါ်တူး ဆေးရုံတင်လိုက်ရပြီ၊ ဒါ ဘာမှုလဲ၊ ခင်ဗျား သဘောမပေါက်ဘူးလား"





"အာ. . . ကိုယ့်ဆရာ အရမ်းများလွန်းနေပြီ၊ ဒါ အမှု မဖြစ်လောက်ပါဘူးဗျာ"

"ဘာ. . . ဟေ့. . . ကိုဥက္ကာ ကြာတယ်ဗျာ၊ ရဲစခန်းကို ဖုန်းဆက်တော့"

"အာယိုယို. . . အလ္လာ ကယ်ပါ၊ မေတ္တာ စိတ်ကောင်းရှိတဲ့ မေတ္တာပါဗျာ၊ ဘယ်လိုမှုလဲ ရှင်းပြလို့ မရဘူး. . . ကယ်ကြပါဦး"

"ဟေ့. . . သူ့ကို ခေါ်ခဲ့ကြ"

အဲ့ဒီနောက်တော့ မီးသတ်ရဲဘော်တွေ ဦးမေတ္တာကို တစ်ဖက်စီ တွဲဆွဲပြီး ခေါ်သွားကြတယ်၊ ပြဿနာ ရှင်းလိုက်လို့ လူတွေ ရှဲသွားပေမယ့် အနီးပတ်ဝန်းကျင်မှာ ရှိနေတဲ့သူတွေ ဟိုတစ်စု ဒီတစ်စု ပြောဆိုကျန်ရစ်နေကြလို့ ကျွန်တော်တို့လည်း မပြည့်စုံတဲ့ အကြောင်းကို ပြည့်အောင် ဖြည့်ဖို့ ဆက်ပြီးစပ်စုကြတယ်။

"ဦးမေတ္တာ သဘောတစ်ခုတည်း မဖြစ်နိုင်ဘူး၊ ဒေါ်တူး ကိုယ်တိုင်သဘောတူလို့ ဦးမေတ္တာအခန်းထဲ ရောက်နေတာပေါ့ဟဲ့"

"ဖြစ်နိုင်တယ်. . . စောစောပိုင်းက သူတို့နှစ်ယောက် အဲဒီ မြောင်းဘေးမှာ တီးတိုး သဖန်းပိုး လုပ်နေတာ ကျွန်မလည်း တွေ့တယ်"

"ဒုက္ခပဲနော်. . . အသက်ကြီးမှ"

"နင်တို့ ကိုယ်ထင်ရာ ကိုယ်ပြောမနေကြနဲ့၊ မေတ္တာ ရှင်းပြတဲ့ အထဲမှာ မြောင်းထဲကနေ နှစ်ဦးသဘောတူ ကောက်ယူတဲ့အထုပ်လို့ ပါတယ်၊ ဖားတွေလို့လည်း ပြောတယ်၊ ဒါ တခြားကိစ္စလည်း ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ"

ဖားဆိုတဲ့စကားနဲ့ အထုပ်ဆိုတဲ့စကားက ကျွန်တော်တို့နှစ်ယောက်ကို မျက်လုံးကျယ်သွားစေတယ်။

"ထက်ခေါင် မင်းကြားလား"

"အေး. . . ငါတို့အထုပ်များလား"

"အများကြီး ဖြစ်နိုင်တယ်"

ကျွန်တော်တို့ လူအုပ်ဘေးကနေ မသိမသာလေး ခွာထွက်လာပြီး လမ်းထောင့်က အုတ်ခုံမှာ ထိုင်လိုက်ကြတယ်။

"ဘယ်လိုလုပ်ကြမလဲ ကိုးကောင်တောင်ဆိုတော့ နှမြောစရာကြီးကွ"

"အေးကွာ. . . အခုနေ ဦးမေတ္တာ မရှိဘဲ ဆိုင်ထဲ ဝင်လိုက်ရင် နောက်တစ်မှု လာဦးမယ်၊ ဒါပေမယ့် ဖြစ်နိုင်ချေ များတယ်ကွ၊ မြရည်နန္ဒာရဲ့ပထွေးလည်း ဖားတွေ့လို့ လန့်ပြီး ဆေးရုံရောက်သွားတာ၊ အခုလည်း ဒေါ်တူး၊ ဖြစ်နိုင်တယ်ကွာ. . . ဒါ တို့ဖားတွေ လက်ချက်ပဲ"

"ဟုတ်ပြီလေ. . . အဲ့ဒါကို ဘယ်လိုလုပ်မလဲ"

"ငါတို့ ဦးမေတ္တာနောက် လိုက်သွားပြီး မေးပြီးမှ လူကြီးတွေ သဘောပေါက်အောင် ရှင်းပြလိုက်ရင်ကော"

"အေး. . . အဲ့ဒါ မဆိုးဘူး"

ကျွန်တော်တို့နှစ်ယောက် ထရပ်လိုက်ကြတယ်၊ လောလောဆယ် ပြဿနာရှင်းဖို့ ရပ်ကွက်လူကြီး ဦးမောင်သိန်းအိမ်မှာ





ဦးမေတ္တာ ရှိနေမှာလေ၊ အဲ့ဒီကို ချီတက်ကြမယ်။

"ဒီကိစ္စကြီးကို ငါတို့ ရှော်လိုက်ကြရင် ကောင်းမယ် သော်မော်"

"ဟာ. . . မရှော်ဘူးကွာ၊ ဒေါ်ညိုဝမ် ငါတို့ကို ခွေးပြော ပြောထားတာ လုံးဝမကျေဘူး၊ ဒီဘွားတော် မရိုးမရွ ဖြစ်သွားတာကို မမြင်ရမချင်း ငါ လုံးဝ လက်မလျှော့ဘူးကွ"

"လုပ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com






# အခန်း ( ခြောက် )

**ကျွန်**တော်တို့ ရောက်သွားတဲ့အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဦးမေတ္တာတစ်ယောက် ဖားတစ်ထုပ်နဲ့ ပျားတုပ်ရတော့ အဖြစ်ကို နှပ်ချေးတွေ တဗျစ်ဗျစ် ညှစ်ပြီး မျက်ရည်တရွဲရွဲနဲ့ပြောပြနေတဲ့အချိန်။

"ဆရာတို့ ထင်သလို မဟုတ်ရပါဘူးဗျာ၊ ဟီး. . . ရှွတ်၊ မေတ္တာ လူကောင်းဆိုတာ တစ်ရွာလုံး သိပါတယ်ဗျာ၊ ဟီး. . . ရှွတ်"

"ဟော့. . . ဟော့. . . ဒါ ရွာမဟုတ်ဘူး၊ ရပ်ကွက်၊ အဆင့်မြင့်နေပါတယ်ဆိုမှ အဆင့်နှိမ့်နေပြန်ပြီ၊ ဟုတ်ပြီ. . . ခင်ဗျားပြောတဲ့ စကားကို ဘာနဲ့ သက်သေထူမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီဖားထုပ်သာရရင် ကျွန်တော် သက်သေထူနိုင်ပါတယ်"

ရုတ်တရက် ဖြတ်ဝင်သွားတဲ့ ကျွန်တော့်စကားသံကြောင့် ရပ်ကွက်လူကြီးတွေက ကျွန်တော့်ဘက် လှည့်ကြည့်ကြတယ်။

"ဟင်. . . ပြဿနာသော်မော်နဲ့ အန္တရာယ်ထက်ခေါင်၊ မင်းတို့ ဘာတွေ အမွှေလုပ်ကြပြန်ပြီလဲ"

"မလုပ်ပါဘူးခင်ဗျာ. . . ကျွန်တော်တို့ မိုးအတု ရွာရင် ဖားအော်သံအစစ် ကြားမကြားဆိုတာ သုတေသနလုပ်ရင်း အခုလို ဖြစ်ကုန်ကြတာပါ၊ လမ်းသွယ်(၂) လမ်းထဲက ဦးပါစကလည်း အဲ့ဒီဖားကြောင့် လန့်ပြီး ဆေးရုံတင်လိုက်ရပါတယ်၊ အခုလည်း ဒေါ်တူး အဲ့သလို ဖြစ်နိုင်ပါတယ်ခင်ဗျာ"

"အံမာ. . အံမာ. . မင်းတို့က မေတ္တာဘက်က သက်သေလိုက်နေကြပြန်ပြီ၊ မင်းတို့ ပြောသလို မဟုတ်ခဲ့ရင်ကော"

"ဟုတ်ကဲ့. . . ဦးမေတ္တာအခန်းမှာ ဖားထုပ်ကြီး ရှိဦးမယ်ဆိုရင်တော့ ကျွန်တော်ပြောတာ သေချာပါတယ်"

"ကဲ. . . ရဲဘော်တစ်ယောက် မေတ္တာဆိုင်ထဲ သွားရှာကြစမ်း"

"သေချာအောင် ပြောပါမယ်ခင်ဗျာ၊ ဖားက ဖားခုံညင်းအမျိုးအစားဖြစ်ပြီး အရေအတွက်က ကိုးကောင်ပါ၊ အိတ်က ကျွတ်ကျွတ်အိတ်အမည်းနဲ့ ထုပ်ထားပါတယ်"

ကျွန်တော့်ဖက်က ဖြည့်စွက်တဲ့ သေချာမှုတွေကြောင့် မီးသတ် ဗိုလ်ကြီး ဦးမြင့်အေး မျက်နှာကြောရှုံ့ထားပြီး သူ့ရဲဘော်ကို





ဖားထုပ် အရှာလွှတ်လိုက်တယ်၊ သိပ်မကြာပါဘူး၊ မီးသတ်ရဲဘော်လေး ကျွတ်ကျွတ်အိတ်ထုပ်ကြီးနဲ့ အပြေးအလွှား ပြန်ရောက်လာတယ်။

"တွေ့တယ် ဆရာ၊ ဒီမှာ ဖားတွေ"

အထုပ်ကို မြင်တာနဲ့ ဦးမေတ္တာ ထိတ်ပျာတွန့်ရွံ့သွားပြီး ဘေးကပ်သွားတယ်၊ အထုပ်ဖြေပြီး အားလုံးချောင်းကြည့်လိုက်ကြတော့ တကယ်ပဲ ကျွန်တော်တို့ ကိုရွှေဖားတွေ မျက်လုံးပြူးကြောင်ကြောင်နဲ့ တွေ့လိုက်ရလို့ ကျွန်တော်နဲ့ ထက်ခေါင်တို့ ဝမ်းသာအားရ ထခုန်ပါတော့တယ်။

"တွေ့ပြီကွ၊ အဟတ်. . . ဟား၊ တွေ့လား ထက်ခေါင်၊ နည်းနည်းလောက် အားထည့်လိုက်ရင် အရှုံးမရှိပါဘူးလို့၊ ဟား. . ဟား. . ဟား"

"ဟေ့ကောင်တွေ. . . ဟေ့ကောင်တွေ"

ဦးမြင့်အေးရဲ့အသံသြောင်းသြောင်းကြီးကြောင့် ကျွန်တော်တို့ မျက်နှာပိုးသတ်ပြီး ရပ်လိုက်ကြတယ်။

"ဒါ လူကြီးအိမ်ကွ၊ မင်းဘကြီးအိမ် မှတ်နေလား"

"ဟုတ်ကဲ့. . . ဟော်လို့ပါခင်ဗျာ၊ ကျေးဇူးပြုပြီး အဲ့ဒီဖားလေးတွေ ပြန်ပေးရင် ကျွန်တော်တို့ ပြန်ပါ့မယ်"

"ဘယ်ရမလဲကွ. . . ဒေါ်တူးရဲ့ထွက်ဆိုချက် ရဖို့ ကျန်သေးတယ်၊ ဒေါ်တူးကို မေးလို့ ဒီဖားကြောင့် ဟုတ်ပါတယ်ဆိုရင် တိစ္စအားလုံး ပြီးပြီ၊ မင်းတို့ဖားလည်း ပြန်ရမယ်၊ ကဲ. . မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြတော့"

အဲဒီအခါမှာ ဦးမေတ္တာက. . .

"ဆရာ ကျွန်တော်ရောဗျာ"

"ဟုတ်ပြီ. . . ခင်ဗျားလည်း ပြန်၊ ဒါပေမယ့် ဒေါ်တူး ထွက်ဆိုချက် မရမချင်း ညအိပ်ညနေ ခရီးသွားတာမျိုး လုံးဝမလုပ်ရဘူး။ ကျုပ်တို့ လိုအပ်လို့ ခေါ်တဲ့အချိန် အဆင်သင့် ရှိနေရမယ်. . . ဟုတ်ပြီလား"

"စိတ်ချပါ ဆရာ၊ မေတ္တာကို ဆိုင်ထဲကနေ တုတ်နဲ့ ကော်ထုတ်တောင် မထွက်စေရပါဘူး"

အဲဒီရောက်တော့ ကျွန်တော်တို့နဲ့အတူ ဦးမေတ္တာ ပြန်လိုက်လာတယ်၊ လမ်းလျှောက်ရင်း ဦးမေတ္တာ ပုဆိုးစ ဖြေပြီး မျက်ရည်တွေ နှပ်ချေးတွေ သုတ်တယ်။

"မင်းတို့က ဘာကိစ္စ ဖားထုပ်ကို ငါ့ဆိုင်ရှေ့ လာချသွားတာလဲ"

"ကျွန်တော်တို့ မချပါဘူးဗျာ၊ ပေါ်လကီးတွေ မ,ပြီး လာချသွားတာ"

"တောက်. . . ငါ့နှယ်ကွာ ရှက်လိုက်တာ"

"အင်းလေ. . မှားမယ့်မှား ဒေါ်တူးနဲ့မှဆိုတော့၊ အဟိဟိဟိ ဟား. . ဟား. . ဟား"

၅ ၅ ၅ ၅





ဦးမေတ္တာ ကံကောင်းသွားတယ်၊ ဒေါ်တူး ဆေးရုံနှစ်ရက်လောက် တက်လိုက်ရပြီး ပြန်ဆင်းလာတော့ "ဖားကြောင့် ဖြစ်တာ" လို့ ထွက်ဆိုချက်ပေးတဲ့အတွက် ပြဿနာအားလုံး ရှင်းသွားပြီး ကျွန်တော်တို့ ဖားတွေလည်း ပြန်ရခဲ့ပါတယ်။

သည်ရက်အတွင်း ကျွန်တော်နဲ့ထက်ခေါင် ထပ်ပြီးရှာဖွေလို့ရတဲ့ ဖားနဲ့ ပေါင်းလိုက်ရင် အားလုံး အကောင်နှစ်ဆယ် ရပြီဖြစ်လို့ ကျွန်တော်တို့ရဲ့ သဘာဝအတု သုတေသန စီမံကိန်းကြီး စတင်အကောင်အထည် ဖော်ကြပါတော့တယ်။

"မိုးရာသီမှာ သစ်ပင်တွေအားလုံး စိမ်းပြီးနေတယ်ကွ အဲဒီတော့ ရွှေဖားတို့ မြင်ကွင်းထဲမှာ အစိမ်းရောင် များများရှိဖို့ လိုတယ်"

"ဒါဆို သစ်ပင်တွေ ပြန်စိုက်ပေးရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူးကွ. . . သူတို့ ရှိနေတဲ့မှန်ပုံးကို အစိမ်းနုရောင် ဆေးသုတ်လိုက်"

"အိုခေ. . . မင်းစိတ်ကူး မဆိုးဘူး၊ ဒါဆို အပေါ်က အရွက်စိမ်းတဲ့ သစ်ကိုင်းနည်းနည်း ရှာအုပ်လိုက်ရုံပဲ"

နှစ်ယောက်သား ခြံထဲမှာ တစ်နေကုန်ပါပဲ၊ ထက်ခေါင်က မှန်ပုံး ဆေးသုတ်၊ သစ်ရွက်စိမ်းစိမ်းပါတဲ့ပ သစ်ကိုင်းတွေ ရှာဖွေအုပ်ဆိုင်းနေတုန်း ကျွန်တော်က မိုးအတု ရွာနိုင်ဖို့ ရေမော်တာတွေ ပန့်တွေနဲ့ ပိုက်ဖျားမှာ ဇကာတပ်ပြီး ဆယ်ပေအမြင့်လောက်ကနေ ရွာချဖို့ စီစဉ်တယ်၊ ထက်ခေါင်က. . .

"သော်မော်. . . ဒီလောက်နဲ့ မင်းဖားတွေ အုံးအင်မှာ မဟုတ်ဘူးကွ၊ တိရစ္ဆာန်ဆိုတာ သဘာဝကို လူတွေထက် ပိုခံစားတတ်တယ်၊ ဒီကောင်တွေစိတ်ထဲမှာ မိုးဥတုဆိုတာ ယုံကြည်လာအောင် မိုးခြိမ်းသံတွေ လျှပ်စီးလက်တာတွေပါ ဖြည့်စွက်ပေးဖို့ လိုလိမ့်မယ်"

"မပူနဲ့. . . ငါ အခွေကူးထားတယ်၊ မိုးထစ်ချုန်းသံ၊ လေတိုးသံ၊ သစ်ရွက်လှုပ်သံ၊ ပြီးတော့ တခြားဖားငယ်လေးတွေ ခရုတွေ အော်တဲ့အသံပါ ထည့်ပေါင်းထားတယ်"

"ဂွတ်လှချည်လား. . အဲ့ဒါကို ဒီကောင်တွေနားမှာ ဆောင်းဘောက်စ်နဲ့ အသံထုတ်မယ်၊ မိုးရွာမယ်၊ အုံးအင်ကို အုံးအင်ရမယ်ကွာ. . . လောင်းရဲတယ်"

"အဟတ်. . ဟတ်. . ဟတ်. . ဖားတွေ ဘယ်လိုနေမယ်





မသိဘူးကွ၊ တွေးကြည့်ရုံနဲ့ ငါတောင် ဖျော်မလိုလို ဖြစ်လာပြီ"

ကျွန်တော်တို့ ညနေစောင်းလောက်မှာ အားလုံး အစီအစဉ်တကျ ဖြစ်သွားပြီး အိမ်မှာပဲ ရေမိုးချိုးကြ၊ အဝတ်အစား လဲကြ၊ ညနေစာကိုပါ နှစ်ယောက်အတူစားပြီး ခြေခင်းလက်ဆန့် ထွက်လျှောက်ရင်း လက်ဖက်ရည်ဆိုင် ထိုင်ကြတယ်။

"ဒီကောင်တွေ ဘယ်လိုအော်လဲ မင်းကြားဖူးလား သော်မော်"

"ဟာ. . . တော်တော်ဆိုးဆိုး အသံမျိုးကွ၊ ဝမ်းခေါင်းသံကြီးနဲ့ အွမ်. . . ဝွမ်. . . ဝွမ်. . . နဲ့ကို အပြိုင်အော်ကြတာ"

"ဟား. . . ဟား. . . ဟား. . . အပျိုကြီး ဒေါ်ညိုဝမ့်တို့ ကောင်းကောင်းနှံ့လို့ ရပြီပေါ့ကွာ"

"ငါ စဉ်းစားလို့ မရတာ တစ်ချက်ရှိတယ်"

"ဘာလဲ"

"ငါတို့ဘာသာ ခြံထောင့်ခုံတန်းလျားမှာ ဂစ်တာတီး သီချင်းဆိုတာ သူ့ကို ဘာများ ထိခိုက်သွားလို့လဲ၊ ဟိုကောင် စိန်ကြီးတို့ အုပ်စုလို ကင်းတဲပေါ် ထိုင်ပြီး အုပ်စုလိုက် အသံမြဲနဲ့ အော်ဟစ်နေလို့ ဆူတယ်ညံတယ်ဆိုလည်း ထားပါတော့ကွာ၊ ငါတို့က ဖီးလ်လေးနဲ့ ပလက်ကင် ကုတ်ပြီး ဆိုသံတစ်သံတည်း ကြွေ့ရရ ဆိုတာပဲ"

"သူ တရားထိုင်တာ အာရုံပျက်သွားလို့များလား"

"သွားစမ်းပါကွာ. . . ရှူးချင်ယောင်ဆောင်ပြီး လုပ်စားတော့တာ၊ ဘာတရားမှ မထိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . သူကဲ အကြားအမြင် ရတာကွ၊ မင်း အရမ်းစွပ်ပြောမနေနဲ့"

"သူ့လောက်ကတော့ ငါလည်း ရတာပဲကွ"

"ဟမ်. . ."

"ထက်ခေါင်ရာ. . . ဒီမှာ. . . ဆုံးသွားတဲ့ ငါ့ဘကြီးက သူ့ထက် စွမ်းတယ်၊ တာမွေမှာ ဆရာကြွေလို့ ပြောလိုက်တာနဲ့ ဝိဇ္ဇာမိုရ်ဆရာကြီးဆိုတာ လူတိုင်းသိတယ်၊ အခုတော့ မသိတော့ဘူးပေါ့ကွာ၊ ငါ ငယ်ငယ်တုန်းကပါ၊ အဲ့ဒီတုန်းက မရိုးဆန်း ရုပ်ရှင်ရုံတို့ တာမွေအဝိုင်းတို့ဆိုတာ ရှိသေးတယ်"

"စိတ်ဝင်စားစရာပဲ. . . အင်း. . . ပြောစမ်းပါဦး"

"ဘကြီးက သူ့လိုတောင် မဟုတ်ဘူး၊ သူ့ဓါတ်ခန်းထဲ ခြေတစ်လှမ်း ဝင်လာတာနဲ့ ဘာကိစ္စ မဟုတ်လားဆိုပြီး တန်းမေးတာ"

"ဟိုက်ရှားလပါး"

"ဟား. . . လာပြီးမေးကြတဲ့သူဆိုတာ အုံးအုံးထပဲ"

"ဘကြီး အဲ့ဒီမှာ ငါးနှစ်လောက် လုပ်စားပြီး မြောက်ဒဂုံပြောင်းလာတော့မှ ဆက်မလုပ်တော့တာ"

"ဟာ. . . ဒီလောက်စွမ်းတာ ဘာလို့ ဆက်မလုပ်တာလဲ"

"ငါလည်း အဲ့ဒီမေးခွန်းမျိုး ဘကြီးကို မေးဖူးတယ်၊ ဘကြီးက ဘယ်လိုပြောလဲဆိုတော့ ဒါမျိုးက ခေတ်ကာလ အခြေအနေပေါ် မူတည်ပြီး လုပ်စားရတာတဲ့၊ အခုက ခေတ်ပြောင်းသွားပြီတဲ့၊ ရုပ်ရှင်ဇာတ်ကားတစ်ကားကြည့်ဖို့ ရုပ်ရှင်ရုံမှာ တန်းစီတိုးရတဲ့ခေတ်





ကနေ လူတွေ ရုပ်ရှင်ဆယ်ကားလောက်ကို ကိုယ့်အိမ်မှာကိုယ်ထိုင်ကြည့်နိုင်တဲ့ခေတ် ရောက်လာတာကို သဘောပေါက်ဖို့ လိုတယ်တဲ့၊ ဒါဟာ ရုပ်ဝတ္ထု အားသာတဲ့ခေတ်မို့လို့ ငါတို့အလုပ်တွေ အ,သွားပြီလို့ ဆိုတယ်၊ ငါလည်း လွယ်လွယ်နဲ့ လက်မလျှော့တတ်တဲ့ကောင်ဆိုတော့ နည်းနည်းအထွန့်တက်ကြည့်တယ်၊ ဘာဆိုင်လဲဘကြီးရာ၊ ဘကြီးက အကြားအမြင်ရတဲ့ ဝိဇ္ဇာပဲဟာလို့လဲ ပြောရောသူ အားပါးတရ ရယ်ရောကွ"

"ဘာလို့လဲ"

"သူက ငါ့တူကြီး အကြားအမြင် ရချင်လို့လား မေးတော့ငါက ရချင်တယ်ပေါ့၊ ရချင်ရင် သင်တဲ့၊ ဘယ်လိုသင်ရမလဲဆိုတော့ယောက်ျားဆယ်ယောက် မိန်းမဆယ်ယောက်ရဲ့ဘဝဖြစ်စဉ်ကို စနစ်တကျ မှတ်တမ်းလုပ်ပြီး လေ့လာ၊ အဲ့ဒီအယောက်နှစ်ဆယ်ရဲ့စိတ်သဘော၊ ကိုယ်ကာယ လှုပ်ရှားမှု၊ စားဝတ်နေရေး၊ လူမှုဆက်ဆံရေးကို ခြုံငုံလေ့လာမိပြီဆိုရင် အကြားအမြင်ဆရာလို့သာ ဆိုင်းဘုတ်တင်လိုက်၊ လာမေးရင် လူရိပ်လူကဲ ကြည့်ပြီး ဟောပေတော့တဲ့၊ လူအမျိုးမျိုး စိတ်အထွေထွေ ဆိုပေတဲ့ လူတွေရဲ့စိတ်ကူးဘဝ ဖြစ်စဉ်ဟာ နေထိုင်တဲ့တိုင်းပြည် ရောက်ရှိတဲ့ ခေတ်ကာလ ကြုံဆုံနေရတဲ့စီးပွားရေး၊ လူမှုရေး၊ အခြေအနေထဲမှာပဲ ကွဲပြားမလိုလိုနဲ့ မရိုးမဆွဲတူညီနေတာ များတယ်တဲ့၊ အဲ့ဒီတော့ ပထမ လေ့လာထားတဲ့ လူနှစ်ဆယ်ဟာ ပုံသေနည်းဖြစ်ပြီး အသစ်ထပ်ကြုံရတဲ့လူတွေဟာ အဲ့ဒီပုံသေနည်းထဲက ဖြစ်စဉ်တစ်ခုနဲ့ အနီးစပ်ဆုံး ကိုက်ညီနေမှာမယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကွ"

"အင်း. . . အဲ့သလိုဆိုတော့လည်း ဟုတ်နေတာပဲနော်"

အဲ့ဒီအခိုက်မှာပဲ မြရည်နန္ဒာကို ဆိုင်ရှေ့ဖက် လျှောက်လာတာ တွေ့လိုက်ရတယ်။

"ခဏလေးနော် ထက်ခေါင်"

ကျွန်တော် ထက်ခေါင်ကို ထားခဲ့ပြီး သူမဆီ လျှောက်သွားတယ်။

"နန္ဒာ"

"သြော်. . . ကိုသော်မော်၊ ကျွန်မ ရှင့်ဆီကို လာတာ"

"ဟုတ်လား. . . လာလေ၊ တစ်ခုခု သောက်ပါလား၊ စကားလည်း အေးဆေးပြောရတာပေါ့"

"ဟင့်အင်း. . . အိမ်မှာ ကလေးနှစ်ယောက်ထဲ ထားခဲ့တာ၊ ရှင့်ကို ဦးပါစကြ မှာလိုက်တယ်"

"ဟုတ်လား. . . ဆေးရုံဆင်းရပြီလား"

"တစ်လလောက် ဆက်ပြီးကုရမှာမို့လို့ ကုသစရိတ်တဲ့၊ တဲ. . . ကျွန်မ မပြောဘူးလား"

"ဟာ. . . ဒါတော့ သက်သက်ညစ်တာပဲ၊ သူ့နောက်မှ ဆေးရုံရောက်တဲ့ ဒေါ်တူးတောင် ဆေးရုံဆင်းပြီး မုန့်ဟင်းခါး ပြန်ရောင်းနေပြီ"

"ကျွန်မလဲ စိတ်ညစ်တယ်၊ အားလဲ နာတယ် ကိုသော်မော်ရယ်၊ ဘယ်လိုလုပ်ကြမလဲ"





ကျွန်တော် တစ်ချက်တွေဝေသွားပြီးမှ မေမေ့မိတ်ဆွေ ဆရာဝန်ကြီး ဦးအောင်မော်ကို သတိရသွားလို့. . .

"မပူနဲ့ နန္ဒာ၊ ငါ စီစဉ်လိုက်မယ်"

"ဘယ်လိုစီစဉ်မှာလဲ"

"သူ့ကို စိတ်ကျန်းမာရေး ဆေးရုံကြီးဆီ လွှဲလိုက်မယ်"

"ရှင်. . ."

"ဟုတ်တယ်လေ. . . ဒါ ရူးချင်ယောင်ဆောင်နေတဲ့ကိစ္စပဲ၊ တကယ်မရူးမှန်း သူ့ကိုယ်သူ သိရင် နှစ်ရက်အတွင်း ပြန်ဆင်းလာလိမ့်မယ်"

"ပြီးရောလေ. . . ရှင် စီစဉ်နိုင်တယ်ဆိုရင် လုပ်ပါ၊ ဒါနဲ့ ရှင် ကျွန်မကို တစ်ခုလောက် ကူညီပါလား"

"အင်း. . . ပြောလေ"

"ကျွန်မမှာ ရန်ကုန်ရောက်မှ မိတ်ဆွေဆိုလို့ ရှင်တစ်ယောက်ပဲ ရှိသေးတော့ ရှင့်ကိုပဲ အပူကပ်ရမှာ"

"ရတယ်. . . ပူချင်သလောက် ပူပစေ"

"ကျွန်မ အလုပ်တစ်ခုလောက် လုပ်ချင်တယ်၊ ဖစ်ဆစ်နဲ့ ကျောင်းပြီးထားတယ်၊ ဒီလူကြီးကို မှီခိုစားနေရတဲ့ဘဝက လွတ်ချင်ပြီ"

"ငါ နားလည်ပါတယ် နန္ဒာ၊ ကောင်းပြီ. . . ငါကြိုးစားပေးမယ်"

လက်ခနဲ မြင်လိုက်ရတဲ့အပြုံးက နေဝင်ဖျိုးဖျအချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



တောင် အတော်လှတယ်လို့ ခံစားမိပြီး ငေးနေလို့ သူမ ရှက်ရွံ့ငုံ့ချပြီး နှုတ်ဆက် လှည့်ပြန်သွားပါတယ်၊ နှမြောပေမယ့် ပျော်ပြီး ထက်ခေါင် ရှိရာ ပြန်လာတယ်။

"ဘာတဲ့လဲ သော်မော်"

"ဟိုဘိုးတော်လေကွာ"

အဲ့ဒီနောက် ကျွန်တော်ရှင်းပြလိုက်လို့ ထက်ခေါင် ဒေါပွပြီး

"ဒီလူ လူယုတ်မာပဲကွ. . . မုန်းလိုက်တာ"

"နေပစေ. . . ငါ ပညာပေးမယ်"

"ဘယ်လိုလုပ်မှာလဲ. . . ဖားတွေ လက်ဆောင်ပေးလိုက် မလို့လား"

"မဟုတ်ဘူး. . . ငါ့အသိ ဆရာဝန်ကြီးနဲ့ တိုင်ပင်ပြီး စိတ် ကျန်းမာရေး ပို့ပစ်မလို့"

"အေး. . . ကောင်းတယ်"

ကျွန်တော် နာရီကြည့်တယ်၊ (၆)နာရီ မေမေ ပြန်မရောက် ခင် ကိုယ်ပြန်ရောက်မှ သင့်မည့်ကာလဖြစ်လို့ လက်ဖက်ရည်ဖိုး ခေါ် ရှင်းလိုက်တယ်။

"ပြန်တော့မလို့လား"

"အေးလေကွာ. . . မေမေ့ဆီက ငါ အများကြီးအကူအညီ ယူစရာ ရှိတယ်ကွ၊ သားလိမ္မာလေးဖြစ်အောင် နေပြရဦးမယ်"

"မင်းအစီအစဉ်က"

"ဒီည"





အဲ့ဒီနောက် လူချင်း ခွဲပြီး ကျွန်တော် ပြန်လာခဲ့ပါတယ်၊ အထပ်မြင့် တိုက်တန်းတွေကြား ပန်းနုရောင်မျက်နှာနဲ့ ငုံ့ကျသွားတဲ့ နေလုံးကြီးကို လှမ်းကြည့်ရင်း သူမမျက်နှာကို မြင်လိုက်ရတယ်။

(ချစ်လိုက်တာ ကောင်မလေးရယ်)



www.burmeseclassic.com

www.burmeseclassic.com

အချစ်မှာ
အပြာရောင် စိတ်ကူးစနဲ့ ထုပ်ထားတဲ့
ကဗျာလေးတစ်ပုဒ် ရှိတယ်။
ကာရန်တွေက အဝါရောင်ဖက် လုပြီး
အသံစီးဆင်းမှုက
ဖြူလွလွလေး လင်းနေတယ်။
တစ်လုံးချင်း တစ်ပါဒချင်းမှာတော့
ရတနာပန်းခင်းလား ထင်ရတယ်။
ချစ်သူရယ်...
ငါ...
အဲ့ဒီကဗျာလေး မင်းကို ရွတ်ပြချင်ပါရဲ့...။





# အခန်း (၃၄စ)

"ဖျတ် . . . ဖျတ် . . . ဖျတ်"

"ထပ် . . ထပ် . . ထပ် . . ထပ် . . . ဂျိန်း . . ဂျလိန်း"

"ဝေါ . . . ဝေါ . . . "

"ကွပ် . . ကွပ် . . ကွပ် . . . ကတစ် . . ကတစ်"

"ဒိန်း . . . ဂျလိန်း"

"ဝေါ . . . ဝေါ"

နွေခေါင်ခေါင်ကြီး မိုးကြိုးတွေပစ် လေတွေ တိုက်ပြီးတော့ သစ်ရွက်တွေပေါ် မိုးစက်မိုးပေါက်တွေ တဖျောဖျော ကျနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အသံ၊ ဖားလေး ခရုလေးတွေ အော်သံကို ညသန်းခေါင်ယံထဲ ကြားနေရတာဟာ အလွန်ပဲ သာယာနာပျော်ဖွယ် ကောင်းလှပါတယ်။

ခြံထောင့်က ကျွန်တော့်ရဲ့သဘာဝအတု သုတေသန ဇရိယာလေးထဲ ထီးဆောင်းပြီး ငုတ်တုတ်သွားထိုင်ရရင် ကောင်းမလားလို့တောင် စဉ်းစားနေမိတယ်။

ဒီလိုဖြစ်ပေါ်လာဖို့ အစီအစဉ်တကျ လုပ်ဆောင်မှုကို ကျွန်တော့်အခန်းထဲကနေ ဆက်တိုက် လုပ်ဆောင်ပေးပြီး ပြတင်းပေါက်ကနေ လှမ်းကြည့်ရတာ တကယ့်ကို အားမရနိုင်စရာပါပဲ။

အမှောင်ထုထဲ တစ်ချက်ချက် လျှပ်ပြက်လို့ စိုစိစိုဖတ် သစ်ရွက်လေးတွေ မြင်လိုက်ရတာကလွဲလို့ အသံပဲ နားထောင်နေရတဲ့အတွက် အားမရနိုင်တာပါ၊ ခုချိန်ထိတော့ မြသားရောင် မှန်ဂေဟာထဲက ကိုရွှေဖားတို့ အုံးအင်သံကို မကြားရသေးပါဘူး။

အင်းလေ. . . သူတို့လည်း ရုတ်တရက်ကြီး ရာသီအကူးအပြောင်း ဖြစ်သွားတော့ နားမလည်နိုင်သလို ကြောင်အ,နေမှာပေါ့။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဘက်က ထောင့်စေ့အောင် စီစဉ်ထားတဲ့အတွက် ဖားမှာလည်း အသည်းနဲ့ဆိုတာ သိရတော့မှာပါ၊ သူတို့ ခံစားတတ်သွားရင် မအုံးအင်ပဲ မနေနိုင်ပါဘူး။

ဖားဖြစ်ရတဲ့ဘဝမှာ ဒီရာသီလေး အားကိုးပြီး ကာရာအိုကေ အော်ရတာ မဟုတ်လား၊ အော်ကြပါကွာ၊ မူးမူးရှူးရှူးနဲ့ ဝမ်းခေါင်းသံကြီးနဲ့ပဲအော်အော် လည်ချောင်းကွဲသံကြီးနဲ့ပဲအော်





အော် ကျွန်တော် ကြားချင်လှပါပြီ။

"ဖျတ်. . ဖျတ်. . ဖျတ်"

"ထပ်. . ထပ်. . ထပ်. . ထပ်. . ဂျိုင်း. . ချိုင်း. . ဟိုင်း"

"ဝေါ. . . ဝေါ"

"ကွပ်. . ကွပ်. . ကွပ်. . ကျတစ်. . ကျတစ်. . ကတစ်တပ်. . . ကတပ်တပ်"

"ဒေါက်. . . ဒေါက်"

"သား သော်မော်. . . သားရေ"

"ဒေါက်. . . ဒေါက်"

ကျွန်တော် မိုးကြိုးတွေ လိမ့်ပစ်နေချိန်မှာပဲ အခန်းတံခါးခေါက်သံ၊ မေမေ့ရဲ့ခေါ်သံတွေ ဆက်တိုက်ပေါ်လာတဲ့အတွက် စက်တွေအားလုံး ကပျာကသီ ပိတ်ချလိုက်ရပြီး နားစွင့်နေလိုက်တယ်။

"သားရေ. . . သော်မော်"

ကျွန်တော် ခုတင်ပေါ် အသာလေး ပြန်လှောချပြီး စောင်ခြုံထဲကနေ ထူးလိုက်တယ်။

"ဗျာ. . ."

"ဟဲ့. . . ခဏထစမ်း"

"ဟုတ် မေမေ. . . ခဏလေး"

ကျွန်တော် အခုမှ အိပ်ရာက လန့်နိုးလာတဲ့ပုံ ဖမ်းပြီး ဒယိုင်ဒယိုင်လျှောက် အခန်းမီးဖွင့်၊ မျက်လုံးကိုလည်း အိပ်မှုန်စုံလေး



www.burmeseclassic.com

www.burmeseclassic.com



လောက် ဖွင့်ပြီး အခန်းတံခါး ဖွင့်လိုက်တယ်။

"ဟဲ့. . . သား နင် ဘာမှ မကြားဘူးလား"

"ဗျာ. . . ဘာဖြစ်လို့လဲ မေမေ"

မေမေ တစ်ချက်နားစွင့်လိုက်ပြီးမှ. . .

"မဟုတ်သေးပါဘူး. . . စောစောက မိုးခြိမ်းသံလိုလို မိုးရွာပြီး လေတိုက်သံတွေလို ကြားရတာ"

"ဟာ. . . မေမေကလည်း နွေခေါင်ခေါင်ကြီး"

"ဩော်. . . ဖားအော်သံ ခရုတောက်သံတွေပါ ကြားရတာ၊ ခြံထဲက ခြံထဲက"

"ဟုင်. . . မေမေ အိပ်မက်ယောင်နေပြီ"

"ဘာ. . . ငါ အိပ်ကို မအိပ်ရသေးတာ"

"ဒါဆို သား ခြံထဲ ဆင်းကြည့်လိုက်ရမလား"

"မကြည့်နဲ့. . . ဘာမှန်းမသိ ညာမှန်းမသိ၊ ကဲ. . ကဲ. . အသံတွေလည်း တိတ်သွားပြီ၊ ပြန်အိပ်ချင်အိပ်တော့၊ သတိလေး ထားပြီး အိပ်စမ်း၊ မင်းနှယ်. . . နှိုးလိုက်ရတာ၊ အရေးအကြောင်းဆို ဘယ်လိုလုပ်မလဲ"

"ဟုတ်. . . မေမေလည်း အိပ်တော့လေ၊ တော်ကြာ ကျန်းမာရေး ထိခိုက်နေမယ်"

"အေးပါ. . . ငါလည်း အိပ်တော့မှာ၊ ဒေါ်ထွေးနဲ့ စကားကောင်းနေလို့၊ ကဲ. . . တံခါးပိတ်"

"ဟုတ်"





ကျွန်တော် တံခါးပိတ်ပြီး အခန်းမီးပါ ပိတ်ပြီးမှ သက်ပြင်းခိုးချလိုက်ရတယ်၊ ဒီညတော့ မိုးကြိုးတွေ ဆက်ပစ်နေရင် မေမေ သိသွားတော့မှာမို့လို့ ကျွန်တော် စိတ်လျှော့ပြီး ခုတင်ပေါ် ပစ်လှဲချလိုက်တယ်။ အဲ့ဒီအချိန်မှာပဲ. . .

"ဝမ်. . အွမ်. . ဝမ်. . . အွမ်"

"ဟာ. . . ဖား. . . ငါ့ဖားတွေ. . . ဟတ်. . . ဟား"

"ဝမ်. . အွမ်. . ဝမ်. . ဂွမ်"

"အဟိဟိဟိ. . . ဂွတ်တယ် ဂွတ်တယ်"

၅ ၅ ၅ ၅





www.burmeseclassic.com

www.burmeseclassic.com



မိုးခြိမ်းသံလိုလို ကြားလိုက်ကတည်းက ဒေါ်ညိုဝမ် လန့်နိုးလာပြီး ထထိုင်တယ်။

"ဘယ်လိုဖြစ်တာလဲ နွေခေါင်ခေါင်ကြီး"

တစ်ယောက်ထဲ မြည်တွန်ရင်း ဆက်ပြီးနားစွင့်ကြည့်လိုက်တော့ မိုးရွာနေတဲ့အသံပါ ကြားလိုက်ရတဲ့အတွက် ပြတင်းပေါက်ထဖွင့်ပြီး ကောင်းကင်ကို မော့ကြည့်လိုက်တယ်။

"ဘုရားရေ. . . ကြယ်တွေ စုံနေပြီ၊ ဘယ်က မိုးက ဘယ်နေရာ ရွာနေတာလဲ၊ ခေါင်မိုးပေါ် မိုးစက်ကျတဲ့အသံလည်း မကြားပါဘူး. . . ဒုက္ခပဲ"

အဲ့သလို စိတ်ထဲ သက်ာမကင်း ဖြစ်ရင်းက အိမ်ရှေ့ခြံထောင့်ဖက်မှာ မိုးရွာနေတာ ဖားအော်နေတာကို သတိထားမိသွားတယ်။





"ဟောတော့. . . ကွက်ကြားမိုးလား၊ အလိုလေး. . . ဖားတောင် ကွက်ကြားဖားတွေ အော်ကုန်ပါရောလား. . . ဘယ့်နှာပါလိမ့်"

ညကလည်း သန်းခေါင်ယံအချိန်ကြီး၊ တစ်ယောက်ထဲ နေတဲ့ အပျိုကြီးလည်း ဖြစ်တော့ ထူးဆန်းတဲ့ အခြေအနေမှန်း သိရက်နဲ့ ဆင်းမကြည့်ရဲဘူးလေ၊ ဒါပေမယ့် အိမ်ရှေ့ သူ့ဟောခန်း ပြတင်းပေါက်ကနေတော့ ရပ်ကြည့်မိတယ်၊ စောစောက အိပ်ခန်းနဲ့စာရင် ဒီနေရာက ခြံထောင့်ကို သေသေချာချာ ကြည့်မြင်နိုင်တယ်။

"ဟင်. . . လျှပ်စီးတွေ ဘာတွေတောင် လက်လို့"

"ဂျိန်းဒလိန်း"

"ပလုတ်တုတ်"

မိုးခြိမ်းသံကြောင့် လန့်ပြီးမှ ဒေါ်ညိုဝမ် စဉ်းစားတယ်၊ လျှပ်လက်တယ်ဆိုတာ ကောင်းကင်ပေါ်က ဖြစ်တာပဲ၊ ဘယ့်နှာလုပ်ပြီး မြေကြီးရှပ်ပြီးဖြစ်ကုန်တာလဲ။

"တစ္ဆေခြောက်တာလား"

အဲ့ဒီအတွေးက ဒေါ်ညိုဝမ်ကို ကြက်သီးဖြန်းဖြန်းထစေပြီး ဖွင့်ထားတဲ့ တံခါးပေါက်ကိုပါ လန့်ဖျပ်ဆွဲပိတ်ပစ်လိုက်တယ်၊ အဲ့ဒီအခိုက်မှာပဲ ဒေါ်ညိုဝမ် ကြားနေရတဲ့ အသံအားလုံး တိခနဲ ရပ်သွားလို့ ရင်ထဲမှာတောင် လှပ်ဟာသွားပြီး ပြတင်းတံခါးကို မရဲတရဲ ဖွင့်ကြည့်တယ်၊ ရပ်သွားတာမှ အပ်ကျသံတောင် ကြားရလောက်အောင် ရပ်ပြီး တိတ်ဆိတ်သွားတာ။



www.burmeseclassic.com

www.burmeseclassic.com



(ဘုရားရေ. . . ဒါ ဘာဖြစ်တာလဲ)

ဒေါ်ညိုဝမ် မတွေးတတ်အောင် ဖြစ်ရင်း ကျောထဲ စိမ့်အောင် ကြောက်လာလို့ အိပ်ခန်းထဲတောင် ပြန်မဝင်ရဲတော့ပဲ ဟောခန်းထဲက ဘုရားကျောင်းဆောင်ရှေ့မှာ ကျုံ့ကျုံ့ကုပ်ကုပ်လေး သွားထိုင်တယ်။

သတိရပြီး အိမ်ထဲက မီးတွေအားလုံး ဖွင့်ချလိုက်မှ အလင်းရောင်နဲ့ နည်းနည်းနေသာသွားပြီး ညဦးက ဘုရားဝတ်မတက်ဘဲ အိပ်တာကိုပါ အမှတ်ရသွားတယ်လေ၊ အဲ့ဒါကြောင့်ပဲ ဖြစ်မယ်လို့ စိတ်က စွဲပြီး ဘုရားကျောင်းဆောင်ရှေ့ ဘုရားဝတ်ပြုဖို့ ပြင်လိုက်တယ်၊ အဲ့ဒီအခိုက်မှာပဲ. . .

“ဝမ်. . . အွမ်. . ဝမ်. . . အွမ်. . . ဝမ်”

“အမလေး. . . ဒုက္ခပါပဲ၊ ဝမ်တဲ့. . . အကျယ်ကြီးပဲ၊ ငါ ညိုဝမ်လို့ နာမည်ပေးတာကို မကြိုက်လို့ ကွင်းပိုင်တွေ ခြောက်တာများလား”

“ဝမ်. . . အွမ်”

“ဘုရား. . . ဘုရား. . . ကယ်ပါ၊ တပည့်တော်မ ညိုဝမ် မလုပ်ရလည်း မလုပ်တော့ပါဘူး၊ အဲ့ဒီအသံကြီးကို တားပေးပါ”

“ဝမ်. . . အွမ်. . . တွမ်. . . ဝမ်”





**ဖား**တွေ အချိန်အခါမဟုတ် သံပြိုင်အော်နေတဲ့အသံကို လမ်းထောင့်မီးကင်းတဲက ဦးချစ်စရာနဲ့ ကင်းသမား ကောင်လေးတွေလည်း ကြားတယ်။

“ဗိုလ်ချစ်. . . ဖားတွေ အော်နေပါလားဗျ၊ မိုးများ ရွာလေား မသိဘူး”

“အေးကွ. . . စောစောက မိုးခြိမ်းသံတွေတောင် ကြားရတယ်၊ ဒီတိုင်းဆို ရွာမယ် ထင်တယ်ကွ”

“အဲဒါဆို ဘယ်လိုလုပ်မလဲ၊ မိုးရွာရင် စောင်တွေခေါင်းအုံးတွေ အကုန်ရွဲကုန်မှာ၊ ဒီမှာ အမိုးက လုံတာမဟုတ်ဘူး”

“ဘယ်လိုလုပ်မလဲ. . . အိမ်ပြန်အိပ်ကြမလား”

“နေဦးကွ. . . ကြယ်တွေကလည်း ပွင့်နေတာပဲ”

“ဟာ. . . ဦးချစ်၊ ဖားတွေက လူတွေထက် ပိုသိတယ်၊ ဒီည



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာမှာပဲ”

“အေးကွာ. . . မိုးရွာမှတော့ မီးလောင်စရာ မရှိတော့ပါဘူး၊ ပြီးတော့ အကုန်ရွဲကုန်ရင် ခက်မယ်၊ ကဲ. . . ကင်းသိမ်းကြမယ်ဟေ့”

“ဟေး. . . ဒီည မိန်းမနဲ့ ပြန်အိပ်ရပြီကွ၊ အဟား. . ဟား. . ဟား”

အဲ့သလိုနဲ့ ရွှေဖားတို့ ကောင်းမှုကြောင့် ဦးချစ်တို့ ကင်းသမားတစ်စု ကင်းရုပ်ပြီး အိမ်ပြန်အိပ်ကြတယ်။







ဒီမနက် ကျွန်တော် အိပ်ရာက စောစောထပြီး မေမေ့အခန်းဖက် ကူးကာ နှိုပ်နယ်ပေးလို့ မေမေ အတော့်ကို ပီတိဖြစ်နေရှာတယ်။

အမှန်တော့ ကျွန်တော့်ရဲ့ပေါ့လျော့မှု၊ ဝတ္တရားပျက်ကွက်မှုတွေပါပဲ၊ တကယ်ဆို သားတစ်ယောက်အနေနဲ့ ကိုယ့်ရဲ့တစ်ဦးတည်းသော မိခင်အပေါ်မှာ လိုလေသေးမရှိ ပြုစုစောင့်ရှောက်သင့်တာ။

ခုတော့ ဒီအရွယ်ကြီးအထိ မေမေ့ကို ကလေးဆိုးကြီးတစ်ယောက်လို မှီခို ကျီကျနေတာဟာ အသိခေါက်ခက် အဝင်နက်တဲ့ သားမိုက်တို့ရဲ့စရိုက်လက္ခဏာပဲ မဟုတ်လား။ သားသိပါတယ်မေမေ၊ သားလည်း လိမ္မာတော့မှာပါ။

“အမေလေး ဒေါ်ထွေးရေ၊ ကျုပ်သားလေးက ဒီမနက် အိပ်



www.burmeseclassic.com

www.burmeseclassic.com



ရာက အစောကြီး ထလာပြီး ကျုပ်ကို နှိပ်နယ်ပြုစုပေးတယ်တော့"

"အဟင်း. . ဟင်း. . ဟင်း၊ မမသားတော်မောင် ဘာလိုချင်နေပြီလဲ မသိဘူးနော်၊ မေးကြည့်ဦး"

"မေးပါတယ်. . . သူပြောတယ်၊ သူ အလုပ်လုပ်တော့မယ်တဲ့၊ သူ့အလုပ်က မေမေ့အလုပ်လောက် ဝင်ငွေမကောင်းပေမယ့် ရသလောက်နဲ့ မေမေ့ကို ကျွေးမွေးပြီး ကျေးဇူးဆပ်ပရစေတဲ့၊ ကဲ. . . ကျုပ်သားက ဘယ်လောက် လိမ္မာသလဲဆိုတာ၊ ဟင်း. . ဟင်း. . ဟင်း"

"သာဓုပါ မမရယ်၊ ကြားရတာ စိတ်ချမ်းသာလိုက်တာ၊ ကဲကဲ. . . ကော်ဖီလေး သောက်လိုက်ပါဦး၊ အေးကုန်ပြီ မမရဲ့. . . အဟင်းဟင်း"

"ဘာပဲဖြစ်ဖြစ်လေ. . . သူ မကျွေးလည်း ကျုပ်ဘာသာ စားနိုင်သောက်နိုင်ပါတယ်၊ ဒါပေမယ့် သားဆီက ဒီလိုသိတတ်တဲ့ စကားလေး ကြားရတာပဲ မွေးရကျိုး နပ်နေပါပြီ၊ ဒါနဲ့ ခုတလော သူ ပြဿနာ သိပ်မလုပ်တော့ဘူးနော်၊ အဲ့ဒါ သတိထားမိလား"

"မကြားမိဘူး မမ၊ ဒီနှစ်ထဲမှာတော့ သော်မော် လိမ္မာလာတာ အမှန်ပဲ"

"အင်းလေ. . . ကျောင်းလည်း ပြီးပြီ၊ အသိနဲ့အရွယ်လည်း ရင့်ကျက်ပြီဆိုတော့"

"တင်. . . တောင်"

ခြံရှေ့က လူခေါ်ခေါင်းလောင်း နှိပ်ခေါ်သံကြောင့် ဒေါ်ထွေး





နဲ့ ဒေါ်တင်တင်ကြီး စကားပြတ်ပြီး ဧည့်ခန်းထဲ ထွက်လာကြတယ်၊ ဒေါ်ထွေး အပြင်ထွက်ကြည့်တော့ ရပ်ကွက်ထဲက မီးသတ်ဗိုလ်ကြီး ဦးမြင့်အေးနဲ့ မီးသတ်ရဲဘော်နှစ်ယောက် တွေ့လို့. . .

"မမ. . . ခြံရှေ့မှာ မီးသတ်ရဲဘော်တွေ"

ဒေါ်ထွေး ထွက်မေးတယ်။

"ဘာကိစ္စလဲရှင်"

"သော်မော် ရှိလား"

"ဩော်. . . သော်မော် လက်ဖက်ရည်ဆိုင် ထွက်သွားတယ်"

"ဒေါ်တင်တင်ရော ရှိလား"

"ရှိတယ်. . . မမ ရှိတယ်"

ဒေါ်ထွေး ပြန်ဝင်လာပြီး အကျိုးအကြောင်း ပြောလို့ ဒေါ်တင်တင် ထွက်လာပြီး. . .

"ဘာကိစ္စလဲ ဦးမြင့်အေး"

"အား. . . ကိစ္စကတော့ အစ်မသား ပြဿနာ လုပ်ထားပြန်ပြီဗျာ"

"ဟောတော်. . . ဘာပြဿနာပါလိမ့်"

"အစ်မသား သူ့ခြံထဲမှာ သဘာဝ သုတေသန လုပ်ဖို့ဆိုလားဘာလားပဲ၊ ဖားတွေ မွေးထားတယ်ဗျ၊ အဲ့ဒီဖားတွေ ညတထအော်တော့ မီးကင်းသမားတွေ မိုးရွာတော့မယ်ဆိုပြီး အိပ်မပြန်အိပ်ကြတယ်၊ အဲ့ဒီဖားကြောင့် ရပ်ကွက်ထဲကလူတွေ ဆေးရုံရောက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူလည်း ရောက်ကုန်ပြီ၊ ဟိုဘက်ခြံက အကြားအမြင်ဆရာမ လည်း ညက အကြောက်လွန်ပြီး ဆေးရုံရောက်သွားတယ်၊ ကျွန် တော်တို့ အဲ့ဒီဖားတွေ ရှာဖွေသိမ်းဆည်းရလိမ့်မယ် အစ်မ"

ဒေါ်တင်တင် ပင့်သက်ရှိုက်ပြီး သဘောတူလိုက်ရတယ်၊ ညက သူလည်း အဲ့ဒီအသံတွေကြောင့် တော်တော်နဲ့ အိပ်မရဘူး လေ၊ နွေရာသီကြီး မိုးဌွေ့မိုးစက် မမြင်ရပဲ မိုးသံလေသံတွေကြောင့် ယုံထင်ကြောင်ထင် ဖြစ်ခဲ့ရတာ။ ခုတော့. . .

(သော်မော်. . . သော်မော်၊ ပြဿနာကို ဆီလို အပေါက် ရှာပြီး ရှာတဲ့အကောင်. . . ပြန်လာပစေဦး)

၅ ၅ ၅ ၅





"အာဟတ်ဟတ်. . . ငါ့ဖားတွေကတော့ ရှယ်ပဲ၊ ဘယ် ကွာ အာကြီးတို့ လေးကြီးတို့ အော်တယ်ဆိုတာ ငါ့ဖားတွေကို ဘယ် မှီမလဲ. . . အဟတ်ဟတ်"

ကျွန်တော့်စကားကြောင့် ထက်ခေါင် ပလာတာ စားရင်း တန်းလန်း မော့ကြည့်တယ်။ ပြီးမှ စားလက်စကို အတင်းမျိုချပြီး. .

"ဟုတ်လား. . . တွန်နေပြီလား"

"ဘယ်က တွန်ရမှာလဲ. . . အော်တာ"

"အေး. . . အော်ပြီလားလို့ မေးတာ"

"အော်ချက်က လန့်ထွက်နေတာပဲ၊ ဒါပေမယ့် ငါ ဆောင်း အဖက်တွေ ထုတ်နေတုန်းက ဒီကောင်တွေ မအော်ဘူးကွ၊ ရုပ် လိုက်ပြီး နည်းနည်းကြာတော့မှ ထအော်တာ၊ အို. . ဂွမ်ခနဲ ဝပ်ခနဲ ဆူညံနေတာပဲ. . . အဟတ်ဟတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ. . . ဒါဆို ဒေါ်ချိုဝမ်၊ အဲ. . . ဒေါ်ညိုဝမ်ကြီး အောက်ကလီအာသွားပြီပေါ့ကွ"

"အာရုံ ဘယ်ကမလဲကွာ၊ ပြာပြီး ညကတည်းက ဆေးရုံရောက်သွားပြီ"

"ဟေ. . ."

"စိတ်တော့ မကောင်းပါဘူးကွာ၊ ငါ အဲ့သလို ဖြစ်ပါစေလို့ မရည်ရွယ်ပါဘူး၊ အကြောက်လွန်သွားတာ နေမှာ"

"အေးနော်. . . တို့ရပ်ကွက်ထဲ ဖားကြောက်တဲ့သူ အတော်များတာပဲ"

"ဒါတော့ မပြောနဲ့ကွ၊ ငါ့ဦးလေး ဖားကြောက်လို့ ငါ့အဒေါ်နဲ့ ညားသွားတာ"

"ဟာ. . ."

"ဒီလိုကွ. . . အဲဒီနေ့က သူ ရုံးကနေ အချိန်ပိုဆင်းပြီးအပြန် ကားမှတ်တိုင်မှာ ကားစောင့်တယ်၊ မိုးကလည်းရွာ ညကလည်း ညအချိန်၊ ကားမှတ်တိုင်မှာ ဦးလေးလိုပဲ သားအမိနှစ်ယောက် ကားစောင့်နေကြတာ၊ အဲ့ဒီအချိန်မှာ ဦးလေးဗိုက်ကို ဖားပျံတစ်ကောင် ဝင်ကပ်လို့ ဦးလေး လန့်အော်ပြီး ဘေးက အမျိုးသမီးကို ဖက်ထားတာ ခွာလို့တောင် မရဘူး"

"လွန်သကွာ"

"မလွန်နဲ့. . . ဗိုက်မှာ ဖားကပ်နေလို့ လန့်ပြီး သွားဖက်ထားတော့ ဖားက နှစ်ယောက်ကြားမှာ ညပ်နေရော၊ ညပ်တော့





ရုန်းတာပေါ့ကွ၊ ဖားက ရုန်းလေ ဦးလေးက ဖက်လေ၊ ရုန်းလေ ဖက်လေနဲ့ ဘွားတော်ကြီးက သူ့သမီးကို လူတစ်ယောက် အဓမ္မကျင့်နေပါတယ်ဆိုပြီး အတင်းကျူးအော်လို့ အနီးအပါးက လူတွေ ရောက်လာပြီး ဆွဲကြဖယ်ကြတယ်၊ ဖားဆိုတာ ပြားချပ်ပြီး ခုန်တောင် မခုန်နိုင်တော့ဘူးတဲ့၊ အဲဒါနဲ့ နီးရာစခန်း ပို့ကြတော့ ဦးလေးက အဖြစ်မှန် ရှင်းပြပြီး ကာယကံရှင် ကျေနပ်အောင် တောင်းပန်လိုက်ရတယ်"

"ကျေနပ်သွားကြလား"

"ဘွားတော်ကြီးက မကျေနပ်ဘူးတဲ့ကွ၊ သူ့သမီးက မွေးကတည်းက ဒီအရွယ်အထိ ယင်ဖိုတောင် သမ်းဖူးတာ မဟုတ်ဘူး အခု မြို့လယ်ခေါင်မှာ ယောကျ်ားတစ်ယောက်က ရုန်းလို့မရအောင် ဖက်ထားတာ ခံရတော့ အရှက်နဲ့သိက္ခာ အဖတ်ဆယ်မရတော့ဘူး၊ အဲ့ဒါကြောင့် မင်းက လူလွတ်တစ်ယောက်ဆိုရင် သူ့သမီးကို တရားဝင် လက်ထပ်ယူမှ ကျေနပ်နိုင်မယ်ဆိုလို့ ယူလိုက်ရတယ်လေ၊ အဲ့ဒါနဲ့ပဲ ငါ့အဒေါ်ဖြစ်လာတာ"

"တော်သေးတာပေါ့ကွာ. . . သူ့သမီးကို ဖက်မိလို့ပေါ့၊ အဘွားကြီး သွားဖက်မိရင် ဒုက္ခ၊ ဒြော်. . . မင်း ဟိုဘိုးတော်ကိစ္စ ဘယ်လိုလုပ်မလဲ"

"ညက ငါ ဖုန်းဆက်ပြီးပြီ၊ ဦးအောင်မော် သူ့ဘာသာ စီစဉ်မယ်တဲ့၊ မင်းမလာနဲ့လို့ ပြောတယ်"

"ဒါဆို ငါတို့ အလုပ်ကိစ္စ စီစဉ်ကြစို့ကွာ၊ ငါ့အိမ်လည်း



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ မကောင်းတော့ဘူး”

“ဟုတ်လား. . . ဘယ်လိုဖြစ်လို့လဲ”

“အစ်မတို့ ကုမ္ပဏီက အရှုံးပေါ်ပြီး ဝန်ထမ်းအင်အား လျှော့ပစ်လို့ ငါ့အစ်မ အလုပ်ပြုတ်သွားပြီကွ၊ အိမ်မှာ အစ်မဝင်ငွေ တစ်ခုပဲ ရှိတာ၊ ညက အမေလည်းငို အစ်မလည်း ငိုတယ်၊ ငါ ဒီအတိုင်း ဆက်နေရင် လူမဟုတ်တော့ဘူး”

“အေးကွာ. . . ငါ့မေမေကို ပြောမယ်၊ သူ့မှာ အဆက် အသွယ်တွေ များတယ်၊ မင်း ဘာမှမပူနဲ့”

“ကျေးဇူးပဲ သူငယ်ချင်း”

အဲ့ဒီအခိုက်မှာပဲ ကျွန်တော်တို့ဝိုင်းကို ကွမ်းယာဆိုင်က ဦးစိုး ကြီး ရောက်လာပြီး ဝင်ထိုင်တယ်။

“အဟင်းဟင်း. . မင်းတို့နှစ်ယောက်ကတော့ကွာ၊ ဟော့. . ကျဆိမ့်တစ်ခွက်”

“ဘာလဲဗျ ဦးစိုးကြီး”

“ဘာ. . . ဘာလဲ၊ မင်းတို့ပြဿနာ မင်းတို့ မသိဘူးလား”

“ဟင့်အင်း. . . ဘာပြဿနာမှ မရှိပါဘူး ဦးလေးရာ”

“မင်းတို့ ဖားတွေ မွေးတယ်ဆို”

“အင်း. . . အဲ. . . အင်းလေ”

“အေး. . . အဲ့ဒီဖားတွေ ညက ထအော်လို့ ကင်းသမားတွေ မိုးရွာတော့မယ်ဆိုပြီး ပြန်အိပ်ကြတာ၊ ဒီမနက် ဒဏ်ရိုက်ခံရတယ် လေကွာ၊ ဟိုအကြားအမြင်ဆရာမလည်း လန့်ပြီး ဆေးရုံရောက်





သွားတယ်”

“ဗျာ. . . အဲ. . . အဲဒါ”

“အဲဒါတွေ ဟိုဒါတွေ လုပ်မနေနဲ့၊ မင်းခြံထဲက ဖားတွေ ကိုမြင့်အေးတို့အဖွဲ့ လာသိမ်းသွားပြီ”

“ဗျာ. . .”

ကျွန်တော်တို့နှစ်ယောက် ဆွံ့အသူတွေလို ဖြစ်ကုန်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြောင်တောင်ကြီး ငေးကြည့် နေကြတယ်။

ဌ ဌ ဌ ဌ





www.burmeseclassic.com

www.burmeseclassic.com



"တာ. . ."

ဖြည်းဖြည်းအော်ပါ ကိုပါစကရယ်၊ လူနာတွေ လန့်ကုန်ပါ့မယ်"

"မင်း. . . မင်း"

ဦးပါစက သူ့ဘာသာ ဒေါသကို ဘရိတ်နင်းပြီးမှ ဇနီးဖြစ်သူကို ဘရိတ်ပေါက်နေတဲ့မျက်လုံးနဲ့ ကြည့်လိုက်တယ်၊ ပြီးမှ အံကြိတ်သံကြီးနဲ့. . .

"ငါက ဘာဆိုင်လို့ စိတ်ကျန်းမာရေး ပြောင်းရမှာလဲ"

"အဲ့ဒါ ကျွန်မ မသိဘူး၊ စောစောက တာဝန်ကျ ဆရာဝန်လေးက ခေါ်ပြောတာ၊ အခု ရှင့်ကို ဆေးရုံလွှဲဖို့ စာရွက်စာတမ်းတွေ လုပ်နေပြီတဲ့၊ ခဏကြာရင် လာယူဖို့ မှာထားတယ်"

"ဘာ. . ဘာ. . ဟား. . . ဒုက္ခပဲ၊ တောက်. . ကဲ. . အိမ်ပြန်မယ်"





"အိုး. . . ရှင် ဆေးရုံ"

"မင်းပါးစပ်ပိတ်ထား. . . ဆရာဝန်ကြီး မလှည့်ခင် လစ်မယ်၊ လုပ်. . . ပစ္စည်းတွေသိမ်း၊ တောက်. . . ကုသိုလ်ကံများကွာ၊ ချီးတဲ့မ. . . တစ်လလောက်ပဲ ဆေးရုံတက်ခွင့် ပေးစမ်းပါ၊ မင်းကို တစ်ကျပ်သား တစ်ကုံးလောက် ဆင်ပေးလို့ရတယ်၊ ခုတော့. . . ဟင်း. . ."

"ရှင် အဲ့သလို စိတ်မျိုးတွေကြောင့် ဒုက္ခတွေ ရောက်နေတာလေ"

"ကောင်မ နင့်ပါးစပ်ပိတ်"

ဦးပါစက ဇနီးဖြစ်သူကို ဟောက်ဟမ်းပြီး ခုတင်ပေါ်မှ ဆင်းတာ ကြိတ်မနိုင် ခဲမရ ဖြစ်နေရှာတယ်။

(တောက်. . . ဟင်းမျိုးကြီးတစ်ကောင်လုံး ရပြီးမှ လွတ်ရတယ်လို့ကွာ)



www.burmeseclassic.com

www.burmeseclassic.com



"မမမေ"

"မခေါ်နဲ့"

"သား တောင်းပန်ပါတယ်"

"ငါကြားရတာ ရိုးနေပြီ သော်မော်၊ ငါ နားဝင်ကောင်းအောင် နည်းနည်းဆန်းတဲ့ စကားလုံးလေး ပြောင်းလိုက်ပါဦးလား"

ကျွန်တော် ခေါင်းငုံ့နေရုံကလွဲလို့ အခြားမရှိတော့ဘူး ထင်ပါတယ်၊ ကျွန်တော်ကလဲ ကျွန်တော်ပဲလေ၊ ဒီလိုအဖြစ်မျိုးက ဖြစ်နေကျအပြစ်တွေပဲ မဟုတ်လား။

"ကဲ. . . မင်း ရေမိုးချိုး အဝတ်အစားလဲ"

"ဗျာ. . ."

ကျွန်တော် လန့်ပြီးအော်ကြည့်တော့ မမေက. . .

"မင်းကို ငါ ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး သော်မော်





ငါ့မိတ်ဆွေရဲ့ကုမ္ပဏီမှာ သန့်ရှင်းရေးပဲ လုပ်ရလုပ်ရ၊ ချက်ချင်းအလုပ်ခန့်ခိုင်းမှ ဖြစ်တော့မယ်"

ကျွန်တော် ပျော်သွားတယ်၊ လောလောဆယ် ဘာပဲလုပ်ရလုပ်ရ၊ အလုပ်တစ်ခု ရသွားဖို့ပဲ အရေးကြီးတာ၊ ပြီးမှ ထက်ခေါင်မြရည်နန္ဒာတို့အတွက် အခွင့်အလမ်း ရှာရမယ်လို့ တွေးပြီး မမေခိုင်းတဲ့အတိုင်းပဲ သွက်လက်စွာပဲ လုပ်ကိုင်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ အလွန်လေးလံသော ဝန်ထုပ်တစ်ထုပ် ဖြစ်တယ်” လို့...
ဗိတ်ဒုက္ခ ခံနိုင်ရာသော ဒဿနဆရာတစ်ဦးက ဆိုပါသည်။
အံ့ဩစရာ ကောင်းသည်မှာ ထိုဝန်ထုပ်ကို ကမ္ဘာဦး တည်ကတည်းက
လူတွေ မက်မောစွာ ထမ်းပိုးလာကြသည်။
ထိုဒဿနဆရာလည်း ထမ်းထားသည်။
ထို့ကြောင့် ကျွန်တော်က...
ဝန်ထုပ်ဆိုဗျ...မလေးဘူးလား” လို့ မေးတော့ သူကဖြေပါသည်။
ဒါလည်း လူထဲက လူပဲလေကွာ” တဲ့...
ကျွန်တော် ကိုယ့်ကိုယ်ကို ပြန်ငုံကြည့်လိုက်၏။
(အားယား...ကိုယ့်မှာက အထုပ်ရော အထည်ရော...ဒါပေမယ့်...
နိုင်မယ်ထင်ပါတယ်။ )






# ဇာတ်သိမ်းခန်း

ကျွန်တော် လစာပေးဌာနမှ ပြန်လာပြီး အခန်းထဲက စားပွဲမှာ ဝင်ထိုင်မှ ဘောင်းဘီအိတ်ထဲ ထိုးထည့်ထားတဲ့ လစာ စာအိတ် ကလေးကို ထုတ်ဖွင့်ကြည့်လိုက်တယ်။ တစ်ထောင်တန် အရွက်ငါးဆယ်ကို ကြည့်ပြီး ရင်ထဲမှာ မချင့်မရဲ ခံစားသွားမိတယ်။

မေမေ မုန့်ဖိုးလို့ အော်ပြီး လက်ဖြန့်လိုက်တာနဲ့ ဒီလိုမျိုး အရွက်တစ်ရာလောက်က ဘာဏ်စီးမပျက်။ ခုတော့ အဲ့ဒီတစ်ဝက်စာ လောက်ကို ရက်ပေါင်းသုံးဆယ်တိတိ၊ တစ်နေ့ ရှစ်နာရီတိတိ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်,လုပ်ပြီးမှ ခံစားခွင့် ရတာမို့လို့ မေမေ့မျက်နှာ ကွက်ခနဲ မြင်ပြီး ကိုယ်မဆင်ခြင်ခဲ့သမျှ ရင်နာရ၊ နှမြောတသ ဖြစ်ရမှုတွေနဲ့ ကိုယ့်ကိုယ်ကို အတော်မကျေမနပ်ဖြစ်သွားတယ်။

"ဘယ်လိုလဲ မောင်သော်မော်. . . ချွေးနည်းစာလေးကို ဘာသုံးပစ်မယ်လို့ စိတ်ကူးနေလဲ"

မန်နေဂျင်းဒါရိုက်တာ. . . ဦးဇေယျအသံဖြစ်လို့ ကျွန်တော် မော့ကြည့်ပြီး ပြုံးရုံပဲ ပြုံးပြလိုက်တယ်၊ ဦးဇေယျက သူ့စားပွဲမှာ ဝင်ထိုင်ရင်း. . .

"မင်း မနေ့က ဦးကို တစ်ခုခု ပြောဖို့ လုပ်ပြီးမှ စကားလွှဲသွားတယ်နော်၊ အဲဒါ ဘာကိစ္စလဲကွ၊ ဦးလည်း မနေ့က ခေါင်းရှုပ်စရာ အလုပ်တွေ ဆက်နေတော့ မေးဖို့ စိတ်ကူးရှိပြီး မမေးဖြစ်ဘူး"

အမှန်တော့ ထက်ခေါင်နဲ့ မြရည်နန္ဒကို အလုပ်သွင်းပေးချင်တဲ့ကိစ္စပါ။ ဦးဇေယျက မေမေနဲ့ တော်တော်ရင်းနှီးကြတဲ့မိတ်ဆွေတွေ ဖြစ်နေလို့ ဒီကိစ္စပြောပြီး အကူအညီတောင်းရင် အပန်းမကြီးဘူးဆိုပေမယ့် ကျွန်တော်ကိုက ပြောရမှာ ဝန်လေးနေပြီး မပြောဖြစ်တာပါ။

ပြောဖို့တော့ အကြိမ်ကြိမ် အားထုတ်မိတာပါပဲ။ ကိုယ့်ကိုယ်တိုင်. . . လုပ်ငန်းခွင် အခြေမကျတာ၊ အရေးပါ အရာရောက်တာမျိုး မရှိသေးတော့ နှုတ်ဖွင့်ခက်နေတယ် မဟုတ်လား။

ဒီနေ့တော့ အလုပ်ဝင်ရက် တစ်လလည်း ပြည့်၊ ဒါရိုက်တာတစ်ယောက်ရဲ့ ကိုယ်ရေးအရာရှိလည်းဖြစ်၊ ဦးဇေယျနဲ့လည်း





အတော်အသင့် ရင်းနှီးလာချိန်မှာ ဦးဇေယျကိုယ်တိုင်က အစပြန်ကောက်ပြီး မေးလာတဲ့အတွက်. . .

"ကိစ္စကတော့ ဦးဆီမှာ အကူအညီတောင်းစရာ ရှိလို့ပါ"

"အာ. . . အဲ့ဒါ ပြောလေကွာ၊ ကဲ. . . ပြော၊ ဦး ဘာကူညီရမလဲ"

"ကျွန်တော်မှာ သူငယ်ချင်းနှစ်ယောက် ရှိပါတယ် ဦး၊ တစ်ယောက်က မိန်းကလေး၊ နောက်တစ်ယောက်က ယောကျ်ားလေးပါ၊ ထက်ခေါင်က ကျွန်တော့်လိုပဲ သင်္ချာနဲ့ ကျောင်းပြီးထားပြီး မြရည်နန္ဒာက ဖစ်ဆစ်နဲ့ ပြီးထားပါတယ်၊ သူတို့က သူတို့မိသားစုအတွက် ဦးဆောင်နေရတဲ့သူတွေဖြစ်လို့ အလုပ်အကိုင်လေး ရအောင် အကူအညီ ပေးချင်လို့ပါ"

"ဪ. . . ဘာများလဲလို့ကွာ၊ ကောင်းပြီလေ. . . အဆင်ပြေအောင် ဦးစီစဉ်ပေးမယ်လို့ ကတိပေးတယ်၊ ပြီးရင် ဦးကလည်း မင်းဆီမှာ အကူအညီ ယူစရာတစ်ခု ရှိနေတယ်"

"ဟုတ်ကဲ့. . . ပြောပါ ဦး၊ ဘာမဆို ကျွန်တော် ကူညီနိုင်ပါတယ်"

"သေချာလား"

"သေချာပါတယ်. . . ကျွန်တော့်သူငယ်ချင်းတွေ အလုပ်ရမယ်ဆိုရင် ဦးရဲ့အကူအညီကို မဖြစ်ဖြစ်အောင် ကူညီပါ့မယ်"

"အိုခေ. . . ဦးကလည်း အဲ့သလို ရဲရင့်တဲ့သူမျိုးကို သိပ်သဘောကျတာ၊ ကောင်းပြီ. . . ဦးလိုအပ်တဲ့အချိန်မှာ ပြောပါ့မယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီလား၊ ကဲ. . . ဟိုမှာ ဘယ်သူနဲ့ တွေ့ချင်လို့လည်း မသိဘူး"

"ဟာ. . . မေမေ"

မေမေ မျက်နှာပေါ်မှာ အပြုံးတစ်ပွင့် တင်ပြီး ဝင်လာလို့ ကျွန်တော် စားပွဲကနေ ထပြီးကြိုဆိုရင်း ဧည့်ထိုင် ဆက်တီဝိုင်းဆီ ခေါ်လာတယ်။

"မေမေ ကော်ဖီသောက်မလား၊ သားဖျော်လိုက်မယ်၊ ဪ. . . သား ဒီနေ့ လစာထုတ်တယ်၊ ဒါ သားရဲ့လစာ"

"ဟား. . ဟား. . ဟား. . ဟား. . တင်တင်တို့ကတော့ မွေးရကျိုးနပ်ပြီဟေ့"

"အင်း. . . အဲ့သလိုလဲ နပ်ဦးမှပဲ ကိုစောရေ့၊ ကျွန်မသားက လူဆိုး၊ ခုမှ လိမ္မာတာ တစ်လပဲ ရှိသေးတယ်"

"ထင်လို့ပါကွာ. . . မောင်သော်မော် လူဆိုးမဟုတ်ပါဘူး၊ ဒါပေမယ့် လူငယ်သဘာဝ ရူးရူးမိုက်မိုက် လုပ်တတ်တာလေးတော့ ရှိတာပေါ့၊ ဒီလောက်က ခွင့်လွှတ်လို့ ရပါတယ်၊ ကဲ. . . သားအမိတွေ အေးအေးဆေးဆေး ပြောကြ၊ ပြန်ချင်လည်း ပြန်လို့ရပြီနော်၊ ရုံးဆင်းချိန် ရောက်နေပြီပဲ"

"ဟင်. . . ကိုဇော ဘယ်သွားမှာလဲ"

"ပြည်ပဧည့်သည်တစ်ယောက်နဲ့ ချိန်းထားတာလေး ရှိတယ်ကွ၊ ပထမတော့ မောင်သော်မော်ပါ ခေါ်သွားဖို့ပဲ၊ တင်တင် ရောက်လာမှတော့ မခေါ်တော့ပါဘူးကွာ"

"မဟုတ်ဘူး. . . တင်ရောက်လာတာ သားအတွက် ကိုဇော






ကို ဟာစ်ခုခု လိုက်ကျွေးဖို့"

"အာ. . . နေပါစေ၊ ကိုယ့်အတွက် အဲ့ဒါ မလိုပါဘူး"

ကျွန်တော် ဦးဇေယျကို လှမ်းကြည့်ပြီး နည်းနည်းတွန့်သွားတယ်၊ မေမေ့ကို လှမ်းကြည့်လိုက်တဲ့အကြည့်၊ ပြီးတော့ ကိုယ့်အတွက် အဲ့ဒါ မလိုဘူးလို့ ပြောလိုက်တဲ့စကား၊ ကျွန်တော် ပင့်သက်ခိုးရှိုက်ပြီး အသက်အောင့်ထားလိုက်ရတယ်။

(အဲ့ဒါ မလိုရင် ဘာလိုသလဲ။ ဘုရား. . . ဘုရား)

၁ ၅ ၁ ၅






www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တပတ် တစ်ပတ်လောက်ပါပဲ၊ ဦးဇေယျ သူပေးထားတဲ့ ကတိအတိုင်း ထက်ခေါင်နဲ့ မြရည်နန္ဒာကို လူတွေ့ခေါ် စစ်ပြီး အလုပ်ခန့်ပေးလိုက်တယ်၊ ထက်ခေါင်က ဝန်ထမ်းရေးရာဌာန ရောက်ပြီး မြရည်နန္ဒာက သွင်းကုန်စစ်ဆေးရေးဌာနမှာပါ။

အလုပ်ရသွားလို့ ထက်ခေါင်ရော မြရည်နန္ဒာပါ အပျော်ကြီး ပျော်ပြီး ကျွန်တော့်အပေါ်မှာလည်း အလေးပေး ဆက်ဆံကြ ပုံမှန်ထက်ကို ပိုမိုခင်မင်ခဲ့ကြတယ်။

တကယ်ဆို မြရည်နန္ဒာအတွက် ကျွန်တော့်ရဲ့ရင်ခုန်နှုန်းတွေ ပိုမြန်လာရမယ်၊ ခင်မင်မှု ရင်းနှီးမှုတွေနဲ့ နှစ်ယောက်ကြား အတားအဆီးမဲ့ လွတ်လပ် ပွင့်လင်းခွင့် ရနေချိန်မှာ နန္ဒာရယ် ငါနင့်ကို ချစ်တယ်လို့ ပြောလိုက်ရင် တစ်ခွန်းပါပဲ။





သူ စဉ်းစားမယ်၊ အဖြေပေးမယ့်နေ့ကို ရင်တခုန်ခုန်နဲ့ စောင့်ရင်း ထက်ခေါင်ကို လက်ဖက်ရည် တိုက်ပြီး နားရာဇဝင် သင့်ခိုင်းမယ်၊ သူ့ဆီက အဖြေရတဲ့နေ့မှာ အားရပါးရ ပျော်ကြမယ်။

မနက်မိုးလင်းတာနဲ့ အတူတူ အလုပ်တက်ကြ၊ ညနေ အတူတူ အလုပ်ဆင်းကြ၊ ချစ်သူနှစ်ဦး ကြည်ကြည်နူးနူးနဲ့ ရှေ့ခရီးအတွက် စိတ်ကူးအိမ်ကလေး ဆောက်ကြနဲ့ ပျော်စရာတွေ တစ်လုံးကြီး ဖြစ်နေရမှာပါ။

“မင်း ဘာဖြစ်နေတာလဲ သော်မော်”

“ဟုတ်တယ်. . . ကိုသော်မော့်ကြည့်ရတာ တစ်မျိုးကြီးပဲ၊ နေလို့မကောင်းဘူးလား”

“ကောင်းပါတယ်”

နေ့လယ်ခင်း ထမင်းအတူတူစားကြရင်း ထက်ခေါင်နဲ့ နန္ဒာတို့ ပိုင်းမေးနေကြလို့ ကျွန်တော့်မျက်နှာက အဲ့သလောက်တောင် သိသာနေပြီလားလို့ စိုးရိမ်စိတ်နဲ့ ပြင်လိုက်တယ်။

ကျွန်တော့်အဖြစ်က သေဒဏ်ကျခံရတော့မှာကို ကြိုသိနေတဲ့ တရားခံလို နှာခေါင်းထဲ လေကလေး ရှူသွင်းရှူထုတ် လုပ်နေရတာကို သဲမှုန်တွေ ရှူရသလိုမျိုး ပိတ်ကြပ်ပြီး လေးလံနေတော့တာလေ။

ထမင်းစားပြီး အလုပ်ပြန်တက်ကြတော့ ထက်ခေါင် ကျွန်တော်နဲ့ လိုက်လာပြီး. . .

“ငါ Intro ဝင်ထားပြီးပြီ သော်မော်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"နန္ဒာ့ကိုလေကွာ"

"ဟာ. . . မင်း ဘာသွားပြောထားလဲ"

"ဘာမှ မဟုတ်ပါဘူး၊ မနေ့ကကွာ. . . ငါတို့ဌာန သူရောက်လာတော့ ငါနဲ့ ဟိုပြောဒီပြော ပြောရင်း သူက မင်းအကြောင်း စပြောတယ်၊ မင်းကို ကြည့်ရတာ စိတ်ထိခိုက်နေသလိုပဲတဲ့၊ အဲ့ဒါနဲ့ ငါလည်း ပြောလိုက်တယ်ကွာ၊ ဟုတ်တယ်. . . ထူးခြားတာ အမှန်ပဲ၊ အရင်က နင့်အကြောင်းကို ငါနားငြီးအောင် ပြောနေတဲ့ကောင်၊ အခု အတူစား အတူသွားတဲ့ အခွင့်အရေး ရလာကာမှ ဘာရောဂါဖြစ်နေပြန်လဲ မသိဘူးလို့"

ဝန်ခံရရင် ကျွန်တော်ကျေနပ်ပါတယ် နန္ဒာ၊ ကျွန်တော့်ကို စိတ်ဝင်စားတယ်ဆိုတာ သိသာနေတာပဲ၊ ထက်ခေါင်ကလည်း အဆင်းဘီးတပ်ပေးထားတော့ ကျွန်တော် အသာလေး လျှောချလိုက်ရုံပါ၊ ဒါပေမယ့် ကျွန်တော့်စိတ်နဲ့ကျွန်တော် မကျေနပ်နိုင်တာကြီးတစ်ခုက ရင်ထဲမှာ တစ်ခွဆို့နင့်နေလို့ ဝမ်းမသာနိုင်ဘူး။

အဲ့ဒါနဲ့ ကျွန်တော်တို့ M.D ရုံးခန်းရှေ့ ရောက်တော့ ထက်ခေါင် ပြန်လှည့်သွားပြီး ကျွန်တော် ဝင်လာခဲ့တယ်၊ အထဲမှာ ဦးဇေယျ ရှိနေတာကိုက ကျွန်တော့်စိတ်ထဲက အတစ်အဆို့ကြီး ရှိနေတာနဲ့ ဘာမှ မခြားတာမို့လို့ ကိုင်း. . . ဖြစ်ချင်ရာဖြစ်ကွာဆိုပြီး ဦးဇေယျ စားပွဲဆီ လျှောက်သွားလိုက်တယ်။

"ဩော်. . . မောင်သော်မော်"





"ဟုတ်ကဲ့ ဦး၊ ကျွန်တော် ပြောစရာရှိပါတယ်"

"အေး. . . ပြော"

ကျွန်တော် အသက်ပြင်းပြင်းတစ်ချက်ရှုသွင်းလိုက်ပြီးမှ. . .

"ဦး ကျွန်တော့်ဆီက အကူအညီတောင်းစရာရှိတယ်ဆိုတာပါ"

"ဩော်. . . အဲ့ဒါ ဦးပြောမယ်လေ"

"အခုပဲ ပြောပါခင်ဗျာ"

ဦးဇေယျ ဖွင့်ထားတဲ့ ကွန်ပျူတာကို ပိတ်ပြီး ကျွန်တော့်ကို အကဲခတ်သလို ကြည့်တယ်။ ပြီးမှ အနည်းငယ်လောက် ပြုံးလိုက်ပြီး

"မင်း မကူညီနိုင်မှာ ဦး အရမ်းစိုးရိမ်တယ်ကွာ"

"ပြောသာပြောပါခင်ဗျာ၊ ကျွန်တော် ကတိပေးပြီးသားပါ"

"ကောင်းပြီ. . . ဦးပြောမယ်၊ တခြားမဟုတ်ပါဘူးကွာ၊ မင်းမသိသေးတဲ့ ကိစ္စတစ်ခုကို အသိပေးပြီး မင်းရဲ့သဘောတူညီမှုကို ရချင်တာပါ၊ အမှန်အတိုင်း ဝန်ခံရရင် ရှေ့မှာ ရှိနေတဲ့ သာဓကတွေ ဖြစ်စဉ်တွေကြောင့် ဦးကြောက်မိတယ်၊ စိတ်ဆင်းရဲရမှာကိုလည်း စိုးရိမ်တယ်၊ ဦးမပြောသေးဘူးဆိုတာကလည်း အခြေအနေကို ခန့်မှန်းသုံးသပ်ကြည့်လို့ အဆင်မပြေလောက်ဘူး ထင်ရင် မပြောတော့ဘဲ ဦးဖက်က နောက်ဆုတ်ပစ်လိုက်ဖို့အထိ ဆုံးဖြတ်ထားလို့ပါ"

စကားပလ္လင်တွေ သိပ်ရှည်လွန်းနေတာကိုက ကျွန်တော့်ရဲ့သိပ်မှုကို အပ်ဖျားချွန်နဲ့ ဆွနေသလိုမျိုး ခံစားနေရလို့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာပဲ ဖွင့်ချပစ်လိုက်တယ်။

"ဦးနဲ့ မေမေ့ကိစ္စ မဟုတ်လားခင်ဗျာ"

"ဟေ. . ."

ဦးဇေယျ လန့်ပြီး ထိုင်ရမလို ထရမလိုတောင် ဖြစ်သွားတယ်၊ ကျွန်တော့်ရင်ထဲ တစ်ဝက်လောက် လျော့ပါးသွားလို့ နာကျင်စွာပဲ ပြုံးလိုက်ပါတယ်။

အဲ့ဒီအခိုက်မှာပဲ ဦးဇေယျ သက်ပြင်းမောကြီး မှုတ်ပစ်ပြီး. .

"ဦးနဲ့ မောင်သော်မော်မေမေဟာ လေးဆယ်ကျော်အရွယ်တွေလည်း ဖြစ်၊ ငယ်ရွယ်သူတွေရဲ့ မရိုးသေ မလေးစားစရာတွေလည်းမဖြစ်အောင် ထိန်းသိမ်းနေထိုင်ရတဲ့အရွယ်တွေပါ၊ ဒါကြောင့် လူကြီးလူကောင်း ပီသစွာပဲ မောင်သော်မော့်ကို ဦးတောင်းဆိုပါတယ်၊ တို့နှစ်ယောက် အပြန်အလှန် နားလည်ရင်းနှီးနေတာ ငါးနှစ်ရှိပါပြီ၊ အဲ့ဒါကြောင့် တရားဝင် လက်ထပ်ဖို့ကိစ္စကို သဘောတူပေးပါ၊ အဲ့ဒါ ဦးလိုချင်တဲ့ အကူအညီပါပဲ"

ဝန်ခံရရင် အဲ့သလိုကြီး သိလိုက်ရတဲ့အချိန်မှာ ကျွန်တော်ကိုယ်တိုင် နားမလည်တဲ့ ခံစားမှုတစ်ခုကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ငုပ္ပပူနေတာကလွဲလို့ ရင်ထဲက တစ်စစ်ခွခွကြီး ဘုတ်ခနဲ လွင့်ကျသွားပါတယ်၊ ပေါ့လည်း ပေါ့သွားတယ်၊ အဲ့ဒါကြောင့်. . .

"ကျွန်တော် သဘောတူပါတယ် ဦး"

"ဟာ. . . မဟုတ်ဘူး. . . မဟုတ်ဘူး၊ စဉ်းစားပါဦး မောင်သော်မော်၊ ဦးလိုချင်တာ ရင်ထဲက ပါတဲ့စကားပါ"





"အဲ့ဒါတော့ ဦးလိုချင်တာ သိပ်များသွားပါတယ်"

"ဟေ. . ."

"ဘယ်သားသမီးကမှ ကိုယ့်မိခင်ကို ကိုယ့်ဖခင် မဟုတ်တဲ့ တစ်ပါးသူရင်ခွင်ထဲ ရောက်သွားတာမျိုးကို မကြည်ဖြူနိုင်ကြပါဘူး၊ တစ်ခုတော့ ရှိပါတယ်၊ စိမ်းသည်ဖြစ်စေ ကျက်သည်ဖြစ်စေ ကိုယ်ရောက်သွားတဲ့နေရာကနေ လူပီသတဲ့စိတ်မျိုး မွေးနိုင်ကြရင် ဒွေးကသာစကတွေ ဖြစ်စဉ်တွေဆိုတာ အမှားတွေပါ၊ အဲ့သလို မမှားအောင် ဦးဘက်ကရော ကျွန်တော့်ဘက်ကပါ မှတ်တဆင်ခြင်လိုက်ကြရင် မှန်ကန်တဲ့သာစကေ အသစ်တစ်ခု ဖြစ်လာနိုင်ပါတယ်"

ကျွန်တော့်စကားအဆုံးမှာ ဦးဇေယျ ခုံနေရာကနေ ထလျှောက်လာပါတယ်၊ ပြီးတော့ ကျွန်တော့်ကို သိုင်းဖက်ထားလိုက်တယ်။

"ဦး ကတိပေးပါတယ်၊ မင်းအတွက် ဆုံးပါးသွားတဲ့ ဖခင်ရဲ့ မေတ္တာနဲ့ ညီမျှတဲ့ ဖခင်မေတ္တာမျိုး ရရပါစေ့မယ်"

"ကျေးဇူးတင်ပါတယ်"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို ငါချစ်တယ် နန္ဒာ"

"ရှင်. . ."

ပြောလည်းပြော သူမလက်ကိုလည်း ဆုပ်ထားလိုက်မိ မြရည်နန္ဒာ လန့်ပြီး ခြေလှမ်းတွေတောင် တုန့်ခနဲ ရပ်သွားတယ် ဒီနေ့ အချိန်ပို ဆင်းရလို့ (၈)နာရီလောက်မှ ရပ်ကွက်ထဲ ပြန်ရော ကြပြီး ကျွန်တော်က သူမကို အိမ်လိုက်ပို့ဖို့ အတူလျှောက်လာတဲ့ အချိန်ပါ။

ဒီနေ့ ပြောတော့မယ်လို့ မနက်ကတည်းက ဆုံးဖြတ်ပြီး သာ မနက်က ရုံးသွားကြတော့လည်း ဘေးမှာ ထက်ခေါင်။ ရုံးမှာတုန်း လည်း အလုပ်တွေ ရှုပ်ပြီး မလွတ်လပ်၊ အပြန်ကျတော့ ထက်ခေါင် ပါလာပြန်ရော။

အခု ထက်ခေါင်နဲ့ လူချင်းခွဲပြီး ထွက်လာတာ ခြေလှမ်းဆယ်





မ်းတောင် မပြည့်သေးဘူး၊ နောက်ထပ် အချိန်ဆွဲလိုက်ပြန်ရင် ည်း သူမတို့လမ်းထဲ ရောက်တော့မှာ။

အိမ်က နောက်ကျလို့ဆိုပြီး ထွက်ကြိုတာနဲ့ ပက်ပင်းတိုးရင် ။ အဲ့ဒါကြောင့် ဦးမေတ္တာဆိုင်ရှေ့မှာပဲ ပြောချလိုက်တယ်။

"ဘယ်လိုဖြစ်တာလဲ ရုတ်တရက်ကြီး"

"ဒါ ရုတ်တရက် မဟုတ်တော့ပါဘူး နန္ဒာ၊ နင်နဲ့ငါ ဒီနေရာ မှာ ဝင်တိုက်မိကြပြီး စဆုံတဲ့နေရာ မဟုတ်လား၊ အဲ့ဒီကတည်းက ချစ်နေတာကို ခုမှ ပြောရတာ"

"လက်ကို လွှတ်ပါဦး"

"ချစ်တယ်မဟုတ်လားဟင်"

"ဟင်. . . ဟိုရက်တွေတုန်းကတော့ မှုန်သိုးသိုးနဲ့ ခုမှ ရုတ် တရက်ကြီး ဘာဖြစ်သွားလဲ မသိဘူး"

"အဲဒီရက်တွေတုန်းက လည်ချောင်းထဲ အရိုးနင်နေလို့ပါ တာ၊ ဘာမှမဖြစ်ပါဘူး၊ အခု အရိုးကျသွားလို့"

"ကဲ. . . ဖယ်ပါတော့၊ အိမ်က ဒေါသအိုးကွဲနဲ့ တိုးနေဦး မယ်"

"အဖြေလေ"

"ပေးရဦးမှာလား"

"တကယ်. . . ဟာ. . . ဝမ်းသာ"

"ဟယ်တော့. . . ဟိုမှာ အမေနဲ့ ဦးပါစက"

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လန့်ပြီး သူမကို အမှောင်ရိပ်ထဲ ဆွဲခေါ်သွားမိတယ်။

"အဟမ်း. . . အဟမ်း. . . ဘာလဲ သော်မော်"

"ဟာ. . . ဦးမေတ္တာ၊ ဟို. . . ဟို. . . မှန်. . မှန်. . . ပုံး လာဝယ်တာ"

"တော်. . . မင်းကို ငါ မရောင်းဘူး"

ရှင်လမ်းချမ်းမြေ့ကြပါစေ

WAIHZAR






www.burmeseclassic.com